# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကိုထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 16 November 2022 ၁၀၉၂၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နည်းပညာကောင်းများသုံးစွဲပြီး အန္တရာယ်ကင်းရှင်းသော တန်ဖိုးမြင့်ထုတ်ကုန်များ၊ ဆန်းသစ်တီထွင်သည့်ထုတ်ကုန်များထုတ်လုပ်လာနိုင်ရေး၊ ကမ္ဘာ့တန်ဖိုးမြင့်ကွင်းဆက်နှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းထုတ်လုပ်မှုကွန်ရက်များသို့ ဝင်ရောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/ ၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၅

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၂) ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ယနေ့ ဖတ်စရာ**

**ကုမ္ပဏီ ၁၈ ခုနှင့် ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၁၁ ခုတို့ ပါဝင်ပြသသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ**

စာမျက်နှာ » ၅



**အမျိုးသားအောင်ပွဲနေ့၊ မျိုးချစ်စိတ်နှင့် အမျိုးသားရေးတာဝန်**

ဆောင်းပါး စာမျက်နှာ » ၆

**အမျိုးသားစာပေဆုနှင်းသဘင် နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပမည်**

စာမျက်နှာ » ၈

## Myanmar National League နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၅

၂၀၂၂ ခုနှစ် Myanmar National League နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ Myanmar National League နောက်ဆုံးပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV – HD၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့တွင် ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်မှစတင်၍ တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

# အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံတော်ကို စောင့်ရှောက်ကာကွယ်

“အားကစားဆိုသည်မှာ ပြောင်းလဲလာသည့် အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့် အမျိုးသားရေးတာဝန်တစ်ရပ်လည်း ဖြစ်လာနေပြီကို ပြောကြားလိုကြောင်း၊ မိမိအသင်း၊ မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့် အပိုင်းအခြားအထိ ပြိုင်ဘက်ကို အလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်နှင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ့ပုံရိပ်ကို မြှင့်တင်မည်ဟူသည့် ခံယူချက်ကြောင့်ပင်ဖြစ်ကြောင်း၊ အားကစားသမားကောင်းတစ်ယောက်၏ အောင်မြင်မှုနှင့် ထင်ပေါ်ကျော်ကြားမှုများသည် ရေမြင့်လျှင် ကြာတင့်ဆိုသကဲ့သို့ ၎င်း၏ကိုယ်စားပြုနိုင်ငံကိုပါ အလိုလိုမြှင့်တင်ပေးပြီးသား ဖြစ်စေခဲ့ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

အားကစားဟူသည် ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့် အခြေခံအချက် ခြောက်ချက် ပါဝင်ပေါင်းစပ်ထားသည်။ အဆိုပါအချက်များ ပြည့်စုံအောင် ပေါင်းစပ်ဆောင်ရွက်လိုက်ပါက အောင်မြင်သော အားကစားသမားကောင်းဖြစ်လာသည်။ နိုင်ငံတော်အစိုးရသည် အားကစားကဏ္ဍ မြင့်မားတိုးတက်လာရေးအတွက် မြှင့်တင်အားပေးနေသည်။ အားကစားကို လိုက်စားသော နိုင်ငံသားများအား မြှင့်တင်ပေးကာ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြင့်မားအောင် ဆောင်ရွက်နေသည်။ မြန်မာနိုင်ငံ၏ အားကစားသမိုင်းတွင် ပြည်တွင်း/ပြည်ပ ပြိုင်ပွဲများ၌ အောင်မြင်မှုသမိုင်းမှတ်တိုင်များ စိုက်ထူနိုင်ခဲ့သည်။ အရပ်ဘက်အားကစားကဏ္ဍတွင် အောင်မြင်မှုများရရှိခဲ့သလို တပ်မတော်အားကစားကဏ္ဍမှ ထင်ရှားသောအောင်မြင်သည့်ကဏ္ဍများဖြင့် ပါဝင်ပေါင်းစပ်ဖြည့်ဆည်းခဲ့သည်။

၂၀၂၂ ခုနှစ် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရဲမေတစ်ဦးသည် ဂျူဒိုအားကစားနည်းဖြင့် ရွှေတံဆိပ်ဆု ရယူနိုင်ခဲ့ပြီး တပ်မတော်သားများသာမက ပါရမီဖြည့်ဖက် ရဲမေများ၏ စွမ်းရည်များကိုပါ ဂုဏ်ယူဖွယ်ရာ မြင်တွေ့ခဲ့ရသည်။ မြန်မာနိုင်ငံ၏ အားကစားကဏ္ဍကို မြင့်မားတိုးတက်လာစေရန် မြှင့်တင်ပေးနေချိန်တွင် တပ်မတော်အနေဖြင့် တိုင်းပြည်၏ အားကစားကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်နှင့် မြန်မာ့လက်ရွေးစင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်ရည်ရွယ်ပြီး တပ်မတော်ဘောလုံးအကယ်ဒမီသင်တန်းကို ၂၀၁၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းအမှတ်စဉ်(၃)အထိ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ နိုင်ငံအတွင်း၌ နှစ်စဉ်ကျင်းပပြုလုပ်သည့် ပြည်နယ်နှင့် တိုင်းအားကစားပြိုင်ပွဲများသည် အားကစားကဏ္ဍ၏ အခြေခံအုတ်မြစ်ဖြစ်သည်။ တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများသည်လည်း အလားတူဖြစ်သည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားလာသောအခါတွင် ခေတ္တရပ်နားထားခဲ့သည်။ ယခုနှစ်တွင် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲကို အားကစားနည်း ၁၀ မျိုးဖြင့် ယှဉ်ပြိုင်နေပြီဖြစ်သည်။ ယခုနှစ်အားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲလည်း ပါဝင်သည်။ မြန်မာ့သိုင်းပညာရပ်သည် မြန်မာတိုင်းရင်းသားတို့၏ ဓာတ်သွေး၊ ဓာတ်မာန် ထက်သန်မှု၊ ရဲရင့်ဖျတ်လတ်မှုနှင့် ကိုယ်ကာယကြံ့ခိုင်မှုများကို ပြသသည့် ရှေးရိုးအစဉ်အလာရိုးရာကိုယ်ခံပညာရပ်ဖြစ်သည်။ အတိတ်ကာလက ကျူးကျော်လာသော တိုင်းတစ်ပါးနယ်ချဲ့တို့ကို မြန်မာတို့၏ ကိုယ်ခံပညာရပ် သိုင်းပညာများဖြင့် ရှုပ်ရှုပ်ချုံချုံ ခုခံတွန်းလှန်ခဲ့သည်။ ရှေးမြန်မာ့သမိုင်းတွင် မြန်မာ့ဓားရေးအစွမ်းသည် အံ့သြလောက်ဖွယ် ပြောင်မြောက်ပြီး ထူးခြားထင်ရှားစွာ စွမ်းဆောင်နိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာ့သိုင်းပြိုင်ပွဲကို ၂၀၁၉ ခုနှစ်မှစ၍ ထည့်သွင်းယှဉ်ပြိုင်စေခဲ့သည်။

မြန်မာ့အားကစားသမားများသည် အားကစားအခြေခံ ခြောက်ချက်ကို ပြည့်ဝအောင် ကြိုးစားအားထုတ်လျက်ရှိပြီး အားကစားနည်းအလိုက် ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် အလေ့အကျင့်များကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့် အယူအဆ၊ မှန်ကန်မြန်ဆန်သည့် ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်ယှဉ်ပြိုင်နိုင်ပါက ပြိုင်ပွဲတိုင်းတွင် အောင်မြင်မှုရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ အားကစားပြိုင်ပွဲအသီးသီးမှတစ်ဆင့် အောင်မြင်မှုများရရှိအောင် ကြိုးစားအားထုတ်ရန်၊ အားကစားကဏ္ဍကို မြှင့်တင်ခြင်းဖြင့် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ ကာကွယ်စောင့်ရှောက်နေသည် ဟူသည့် အသိတရားမွေးမြူကြရန်ဖြစ်ပြီး တပ်မတော်နှင့်နိုင်ငံတော်၏ ပုံရိပ်ကို မြှင့်တင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားအားထုတ်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေး။
- ★ ကောင်းမြတ်မှန်ကန်သော မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် ထာဝရရှင်သန်ထက်မြက်ရေး။
- ★ အမျိုးသားပညာရည်မြှင့်တင်လျက် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံသားများ ပေါ်ထွန်းလာစေရေး။
- ★ မြန်မာ့လူမှုစီးပွားရေးကို ခေတ်မီနည်းပညာစွမ်းအားဖြင့် မြင့်မားအောင် ဆောင်ရွက်ရေး။

## ၂၀၂၂ ခုနှစ်၊ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံဘက်စုံဖွံ့ဖြိုးဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၁၇-၁၁-၂၀၂၂)

## သံအမတ်ကြီး ဦးတင်ယု ကာတာနိုင်ငံအကြီးအကဲထံ ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁၆

ကာတာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကာတာနိုင်ငံ ဒိုဟာနန်းတော်၌ ကာတာနိုင်ငံအကြီးအကဲ ရှိတ်တမင်း(မ်) ဘင်ဟမက် အယ်တာနီထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## စာစာအိပ်လို့ စာစာထလို့ စာစာလမ်းလျှောက်ကြပါစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၁၀၀ | ၃,၇၇၆ | ၃၄,၅၂၃,၇၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၆,၈၁၀ | ၂၃,၀၁၄,၀၀၀ |
| MCB | ၇,၇၀၀ | ၇,၈၀၀ | ၁၇ | ၁၃၁,၉၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၂၀၁ | ၃,၉၁၉,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁,၀၀၁ | ၂,၇၀၂,၇၅၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၉၉ | ၂၆၇,၃၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၂၃ | ၁,၅၉၂,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၁၈၂.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၉၈.၁၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၉၉၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၂.၁၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၈၄၉ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၆.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၃၄.၆ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၅.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၀၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများပါ စီးပွားရေးအရ၊ လူမှုရေးအရ တိုက်ရိုက်အကျိုးသက်ရောက်မှုကို ခံစားခဲ့ရကြောင်း၊ အထူးသဖြင့် ကမ္ဘာ့စီးပွားရေးသည် အဆိုးရွားဆုံးအခြေအနေသို့ ကျရောက်ခဲ့သကဲ့သို့ တစ်ဦးချင်းဝင်ငွေများလည်း ကျဆင်းသွားခဲ့ကြောင်း၊ လူသန်းပေါင်းများစွာသည် အလွန်ဆင်းရဲသည့် အခြေအနေသို့ ကျရောက်ခဲ့ရကြောင်း၊ အဆိုးရွားဆုံးထိခိုက်ခဲ့သည်မှာ ကမ္ဘာ့ကုန်သွယ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူသုံးကုန်ပစ္စည်းတင်ပို့မှုနှင့် ပြင်ပဘဏ္ဍာငွေကိစ္စရပ်များ ထိခိုက်နစ်နာမှု အကြီးမားဆုံးဖြစ်သည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ကဏ္ဍအသီးသီးရှိ လုပ်ငန်းများ ရပ်နားရခြင်း၊ အနည်းဆုံးနှင့် အကျဉ်းဆုံး လုပ်ငန်းပြန်စနေရခြင်းစသည့် အကန့်အသတ်များကြောင့် အလုပ်အကိုင် အခွင့်အလမ်းရရှိမှုကိုလည်း ထိခိုက်ခဲ့ရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် အခြားနိုင်ငံများနှင့်အတူ ခံစားခဲ့ရကြောင်း၊ အထူးသဖြင့် ငွေကြေးအရင်းအနှီးအားနည်းသည့် MSME လုပ်ငန်းများ ပိုမိုထိခိုက်ခံစားခဲ့ရပြီး ယခုအချိန်တွင် နိုင်ငံတော်က ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရသည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ချေးငွေများထုတ်ချေးထားပြီး ချေးငွေကာလကိုလည်း သက်တမ်းထပ်မံတိုးမြှင့်ပေးထားကြောင်း၊ နိုင်ငံ့စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်းသည် MSME လုပ်ငန်းများဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အဓိကမောင်းနှင်အားလည်းဖြစ်ကြောင်း။

**လုပ်ငန်းပေါင်း ၄၀၉၂၉ ခု**

စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ SME Member Card ထုတ်ပေးထားသည့်လုပ်ငန်းပေါင်း ၄၀၉၂၉ ခုရှိပြီး ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေအရ မှတ်ပုံတင်ထားသည့် လုပ်ငန်းများအနက် အသေးစားနှင့် အလတ်စား လုပ်ငန်း သတ်မှတ်ချက်ဖြင့် ကိုက်ညီသောလုပ်ငန်းများသည်လည်း ၄၅၀၀၀ ကျော်ရှိကြောင်း၊ ထို့ပြင် အခြားဝန်ကြီးဌာန ၁၃ ခုရှိ ဦးစီးဌာနများ၌ မှတ်ပုံတင်ထားသည့် လုပ်ငန်း ၂၅၃၀၀၀ ကျော်ရှိသည်ကို စာရင်းများအရသိရကြောင်း၊ မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအတွက် MSME များ၏ အခန်းကဏ္ဍသည် များစွာအရေးကြီးကြောင်း၊ မှတ်ပုံတင်ထားသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဆက်လက်ရှင်သန်နေရန်နှင့် လုပ်ငန်းများ လည်ပတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဌာနဆိုင်ရာ ပြခန်းများကို ကြည့်ရှုစဉ်။

နေရန် အထူးလိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏ အားသာချက်အပေါ် အခြေခံပြီး အသုံးချတတ်မည်ဆိုပါက အခွင့်အလမ်းကောင်းများ ရရှိလာနိုင်ကြောင်း၊ အခွင့်အလမ်းအနေဖြင့် တစ်ကမ္ဘာလုံးတွင် စားသောက်ကုန်ဆိုင်ရာ ထုတ်ကုန်များ လိုအပ်နေသည့်အတွက် နည်းပညာကောင်းများ သုံးစွဲပြီး အန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဆန်းသစ်တီထွင်သည့် ထုတ်ကုန်များထုတ်လုပ်လာနိုင်ရေး၊ ကမ္ဘာ့ တန်ဖိုးမြှင့်ကွင်းဆက်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းထုတ်လုပ်မှုကွန်ရက်များသို့ ဝင်ရောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ကြောင်း။

**ဒစ်ဂျစ်တယ်နည်းပညာ သုံးစွဲနိုင်ရန်လိုအပ်**

ကပ်ရောဂါကြောင့် စားသုံးသူများ၏ အပြုအမူနှင့် လိုအပ်ချက်များလည်း ပြောင်းလဲလာသည့်အတွက် MSME များအနေဖြင့် ဈေးကွက်သုတေသနရလဒ်များကို လေ့လာဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာကို မဖြစ်မနေသုံးစွဲနိုင်ရန် လိုအပ်လာပြီဖြစ်ကြောင်း၊ သို့သော် MSME များအနေဖြင့် လက်ရှိအချိန်ထိ ဒစ်ဂျစ်တယ်နည်းပညာကို ထုတ်လုပ်မှုပိုင်း၊ ဈေးကွက်မြှင့်တင်ရေးပိုင်းနှင့် ကုန်သွယ်ငွေလွှဲသည့်နေရာများတွင် ကျွမ်းကျင်စွာသုံးစွဲရန်ခက်ခဲနေဆဲဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် MSME များ အခွင့်အရေးများ လက်ဝယ်ရရှိနိုင်ရန်နှင့် စိန်ခေါ်မှုများကို အတူတကွ ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာနှင့် ပတ်သက်၍ e-ID စနစ်မှစ၍ e- Government အထိ သွားရောက်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါစနစ်များ ပြီးစီးသည့်အချိန်တွင် MSME လုပ်ငန်းများ၏ ဈေးကွက်သုတေသနလုပ်ငန်း၊ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ဆောင်ရွက်ရသည့်လုပ်ငန်း၊ ထုတ်လုပ်မှုအပိုင်း၊ ဈေးကွက်မြှင့်တင်ရေးနှင့် ရှာဖွေရေးအပိုင်း၊ ကုန်သွယ်ငွေလွှဲမှုအပိုင်းများသည် အစိုးရမှ လက်ရှိဆောင်ရွက်နေသည့် e-Government စနစ်တွင် အလိုအလျောက် ပါဝင်သွားမည်ဖြစ်ကြောင်း။

**ဆွေးနွေးဆုံးဖြတ်သွားမည်**

မိမိတို့အနေဖြင့် MSME အေဂျင်စီဖွဲ့စည်းပြီး လိုအပ်သည့် လုပ်ထုံးလုပ်နည်းများအားလုံး ပြီးစီးချိန်တွင် မှတ်ပုံတင်ထားခြင်းမရှိသေးသည့် MSME လုပ်ငန်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် Online မှ မှတ်ပုံတင်ပေးနိုင်ရေး အေဂျင်စီများကလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင်လည်း အေဂျင်စီများနှင့် ပတ်သက်၍ တရားဝင် ဖွဲ့စည်းဆောင်ရွက်သွားရန် ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဒစ်ဂျစ်တယ်နည်းပညာဖြင့် မိမိတို့လုပ်ငန်းများကို မှတ်ပုံ တင်ထားမှသာလျှင် နိုင်ငံတော်က ပံ့ပိုးပေးမည့် ငွေကြေးအရင်းအနှီးနှင့် အခွန်အခ သက်သာခွင့် အပါအဝင် အထောက်အပံ့အားလုံးကို ရယူခံစားခွင့်ရှိမည်ဖြစ်ကြောင်း။

ထို့ပြင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် မိန့်ကြားသွားသကဲ့သို့ MSME လုပ်ငန်းများအတွက် အဓိကကျသော လိုအပ်ချက်များဖြစ်သည့် ကုန်ကြမ်း၊ သွင်းအားစု၊ ကျွမ်းကျင်လုပ်သား၊ အရင်းအနှီးစသည့် အချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများအားလုံး ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းသွားရန်လိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်များအတွင်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင် လုပ်ငန်းရှင်များ၏ တင်ပြချက်များအနေဖြင့် ကဏ္ဍခုနစ်ခုတွင် စုစုပေါင်း ၉၅ ချက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါတင်ပြချက်များကို တစ်ချက်ချင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

မိမိတို့လုပ်ငန်းကော်မတီသည် MSME ဗဟိုကော်မတီမှချမှတ်သည့် မူဝါဒများနှင့် MSME လုပ်ငန်းလုပ်ကိုင်သူများအကြား ပေါင်းကူးသဖွယ် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ လုပ်ငန်းရှင်များ၏ လက်တွေ့လိုအပ်ချက်၊ အခက်အခဲ၊ လိုအပ်သည့်အကြံဉာဏ် နည်းပညာပေးခြင်း၊ လက်ခံခြင်း၊ ဖြည့်ဆည်းပေးခြင်း စသည်တို့ကို အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ပေးရမည့် ကော်မတီတစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍လည်း ဝန်ကြီးဌာနအများစုအပါအဝင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့မှ တာဝန်ရှိသူတို့ဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ မိမိတို့လုပ်ငန်းကော်မတီအဖွဲ့ဝင်တိုင်းသည် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာစေရေး MSME ဗဟိုကော်မတီနှင့် MSME လုပ်ငန်းရှင်များအား အချိန်နှင့်တစ်ပြေးညီ လိုအပ်ချက်များအပေါ် ပေးထားသည့် လုပ်ငန်းတာဝန်များကြားမှ အားသွန်ခွန်စိုက် ကြိုးပမ်း ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည့်ကော်မတီဖြစ်၍လည်း တာဝန်ဝတ္တရားများကြီးမားသကဲ့သို့ အဆိုပါ တာဝန်ဝတ္တရားများ ကျေပွန်စွာထမ်းဆောင်နိုင်စေရေးအတွက်လည်း လုပ်ငန်းကော်မတီဝင်အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**နိုင်ငံ့ GDP ကို မြှင့်တင်**

ထို့ပြင် ဒေသဆိုင်ရာ အေဂျင်စီများအနေဖြင့် လစဉ်လုပ်ငန်း ဆောင်ရွက်ချက်များကို လုပ်ငန်းကော်မတီသို့ ပေးပို့တင်ပြသွားရမည်ဖြစ်ပြီး လုပ်ငန်းကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း၊ ဒေသအသီးသီးရှိ အလားအလာကောင်းသည့် ကုန်ကြမ်းများ၊ လယ်ယာ/ သား/ ငါး ထွက်ကုန်များကို နည်းပညာ စက်ပစ္စည်းအကူအညီဖြင့် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖြစ်ပေါ်ရေး၊ တန်ဖိုးကွင်းဆက်မြှင့်တင်နိုင်ရေးတို့ကို အားသွန်ခွန်စိုက် ဆောင်ရွက်ပြီး နိုင်ငံ့ GDP ကို မြှင့်တင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က သက်ဆိုင်ရာ အမှာစာများကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုချက်ရယူနိုင်ရန် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန မူဝါဒနှင့်ပြည်ပရေးရာဌာန၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနပြခန်းများကို ကြည့်ရှုရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ **အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဆက်လက်ရှင်သန်နေရန်နှင့် လုပ်ငန်းများ လည်ပတ်နေရန် အထူးလိုအပ်**
- ❖ **မိမိတို့အနေဖြင့် နိုင်ငံ၏ အားသာချက်အပေါ် အခြေခံပြီး အသုံးချတတ်မည်ဆိုပါက အခွင့်အလမ်းကောင်းများ ရရှိလာနိုင်**
- ❖ **အခွင့်အလမ်းအနေဖြင့် တစ်ကမ္ဘာလုံးတွင် စားသောက်ကုန်ဆိုင်ရာ ထုတ်ကုန်များ လိုအပ်နေသည့်အတွက် နည်းပညာကောင်းများ သုံးစွဲပြီး အန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဆန်းသစ်တီထွင်သည့် ထုတ်ကုန်များထုတ်လုပ်လာနိုင်ရေး၊ ကမ္ဘာ့တန်ဖိုးမြှင့်ကွင်းဆက်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းထုတ်လုပ်မှုကွန်ရက်များသို့ ဝင်ရောက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်**

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၁၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“တနင်္သာရီတိုင်းဒေသကြီး မြိတ်-ထားဝယ်ကားလမ်းဘေးရှိ ပုလောမြို့နယ်သို့ လျှပ်စစ်မီးပေးပို့လျက်ရှိသည့် လျှပ်စစ်ဓာတ်တိုင်များအား PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ၁၆-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ဘယ်လိုဖျက်ဖျက် မပျက်တဲ့တန်ဆောင်တိုင်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီ မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉- ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၅

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ဦးအောင်မြိုင်၊ ဦးဇော်ဝင်း၊ ဦးမျိုးလှိုင်နှင့် ဦးဇော်အေးမောင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို နိုင်ငံတော်အဆင့် ကြီးကျယ်ခမ်းနားသည့် အခမ်းအနားတစ်ခုအဖြစ် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အခမ်းအနားနှင့်ဆက်စပ်၍ အကြိုသီးသန့်ဂုဏ်ပြုအစီအစဉ်နှင့် ဆက်စပ်ဂုဏ်ပြုအစီအစဉ်များကိုလည်း ကျင်းပနေတာရှိကြောင်း၊ တစ်သက်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် နေ့ထူးနေ့မြတ် ကြုံတောင့်ကြုံခဲ အခမ်းအနားကြီးဖြစ်သည့်အတွက် လစ်ဟင်းမှုမရှိစေရေး အကောင်းဆုံးဖြစ်အောင် ဝိုင်းဝန်းစီမံဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ဂုဏ်ပြုအခမ်းအနားတွင်ပါဝင်မည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များ ပြင်ဆင်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာကြသူများက စစ်ရေးပြအစီအစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်နေမှု၊ လေ့ကျင့်ရန်လျာထားသည့် အချိန်ဇယား၊ စစ်ရေးပြအစီအစဉ်၊ ကြာမြင့်ချိန်နှင့် လိုအပ်ချက်များ၊ ဖိတ်ကြားရန်လျာထားမှု၊ စာလုံးသရုပ်ဖော်လေ့ကျင့်ရန် လျာထားမှု၊ စာလုံးသရုပ်ဖော်မည့်အစီအစဉ်၊ လိုအပ်သည့် ကျောင်းသားအရေအတွက်၊ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် သယ်ယူပို့ဆောင်ရေးဆောင်ရွက်မည့်အစီအမံ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ဂုဏ်ပြုယာဉ်များပြင်ဆင်ဆောင်ရွက်နေမှု၊ တည်ဆောက်ရေးဆိုင်ရာ လျာထားမှု၊ ခွင့်ပြုချက်ရယူရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုသည်။

ယင်းနောက် ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

## မြစ်ကြောင်း၏ သဘာဝအနေအထားကို ထိခိုက်မှုမရှိအောင် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များ ရယူပေါင်းစပ်ဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများဖြစ်သည့် ဦးကျော်ဆန်း၊ ဦးမျိုးအောင်တို့နှင့်အတူ ဧရာဝတီမြစ် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဆန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးတို့က ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်နေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် မြစ်ကြောင်း၏ သဘာဝအနေအထားကို ထိခိုက်မှုမရှိအောင် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များရယူ ပေါင်းစပ်ဆောင်ရွက်သွားရေး၊ ခွင့်ပြုချက်မရှိဘဲ နေထိုင်မှုများမရှိစေရန်နှင့် ဈေးဆိုင်ခန်းများ စနစ်တကျရှိစေရေး၊ အစဉ်အမြဲသန့်ရှင်းသာယာလှပရန်တို့ကို အလေးထားဆောင်ရွက်ရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် မမျှော်မှန်းနိုင်သည့်ဖြစ်စဉ်များ ကြုံတွေ့လာပါက ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်တွက်ဆ ထည့်သွင်းစဉ်းစားထားရေး၊ အခက်အခဲများရှိပါက ပွင့်လင်းမြင်သာစွာ တင်ပြဆောင်ရွက်သွားရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မရမ်းခြံဆိပ်ကမ်းမှ ပေပင်ဆိပ်ကမ်းအထိ ကမ်းနားလမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာသန့်ရှင်းရေးဆောင်ရွက်ပြီးစီးမှုနှင့် မြင်ကွင်းကွယ် သစ်ပင်ကြီးများကို အလင်းဖွင့်လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မန္တလေးကန်တော်ကြီး လူထုအပန်းဖြေဥယျာဉ်ဧရိယာ မန္တလေးကန်တော်ကြီးအတွင်းမှ ဗေဒါများကို စက်အား၊ လူအားဖြင့် ဆယ်ယူရှင်းလင်းဆောင်ရွက်နေမှု၊ ကန်တော်ကြီးပတ်လမ်းဘေးရှိ



အမှိုက်သရိုက်များနှင့် ကန်တော်ကြီးအတွင်း ဝင်ရောက်သည့် သင်္ဘောချောင်းအတွင်းမှ ဗေဒါနှင့် အမှိုက်များ ဆယ်ယူရှင်းလင်းနေမှု၊ ရှင်းလင်းထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီ (၁/၂၀၂၂)အစည်းအဝေး ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၁၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီ(၁/၂၀၂၂) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီနာယက ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒမထေရ်မြတ်အမှူးပြုသော နာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် တက္ကသိုလ်ကောင်စီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး အစီအစဉ်အရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီနာယက ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ဩဝါဒကထာကို မိန့်ကြားတော်မူသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက တက္ကသိုလ်၏ သင်ကြား/စီမံရေးရာကိစ္စရပ်များကို လျှောက်ထားရာတွင် နိုင်ငံတော်အစိုးရသည် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန်၊ သင်္ဂါယနာ ခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊ ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေကျွမ်းကျင်နှံ့စပ်၍ ပဋိပတ္တိဆိုင်ရာ အကျင့်သီလပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များ တိုးပွားလာစေရန်၊ ထေရဝါဒပိဋကတ်တော်များကို မူရင်းအတိုင်း လေ့လာသင်ယူလိုသည့် ပြည်တွင်း ပြည်ပမှ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနိုင်ရန် စသည့်ရည်မှန်းချက်များဖြင့် တက္ကသိုလ်ကြီးကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ နှစ်ပေါင်း ၂၄ နှစ်တာကာလအတွင်း ဒီပလိုမာ(ဗုဒ္ဓဓမ္မ) ၁၂၁၁ ပါး/ဦး၊ ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ၈၀၄ ပါး/ဦး၊ မဟာဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ ၂၂၉ ပါး/ဦးနှင့် ပါရဂူ(ဗုဒ္ဓဓမ္မ)ဘွဲ့ ၄၀ ပါး/ဦးတို့အား ဘွဲ့အသီးသီး ချီးမြှင့်ပေးအပ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်း အတည်ပြုပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ပြင်ဆင်အတည်ပြုခဲ့သော ဥပဒေနှင့်အညီ ပါမောက္ခချုပ်ဆရာတော်၊ ဒုတိယပါမောက္ခချုပ် ဆရာတော်များ၏ ဂုဏ်အင်္ဂါအရည်အချင်းများ၊ သက်တမ်းသတ်မှတ်ချက်များအပြင် အခြားလိုအပ်ချက်၊ အားနည်းချက်များကိုလည်း ထပ်မံဖြည့်စွက်၍ အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါဥပဒေနှင့်အညီ တက္ကသိုလ်ကြီး၏ ရည်မှန်းချက်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းသွားရမည့်တာဝန်မှာ တက္ကသိုလ်ကောင်စီဝင်များနှင့် သင်ကြားရေးရာ၊ စီမံရေးရာဌာနအသီးသီး၏ လုပ်ငန်းတာဝန်များပင်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)က(၁/၂၀၂၂)အစည်းအဝေးတွင် တင်ပြရန်ရှိသည့် အမှာစာခြောက်စောင်ကို တင်ပြလျှောက်ထားပြီး အမှာစာများနှင့်စပ်လျဉ်း၍ အစည်းအဝေးသို့ တက်ရောက်လာကြသော တက္ကသိုလ်ကောင်စီဝင်များက ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြကာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးလျှောက်ထားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကောင်စီနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက နိဂုံးချုပ်ဩဝါဒကထာ မိန့်ကြားတော်မူကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လာမည့်ပညာသင်နှစ်များ၌ တက္ကသိုလ်တွင် ပြည်ပသင်တန်းသားများအား ထပ်မံတိုးချဲ့လက်ခံနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် မြေ ၂ ဒသမ ၇၆၂ ဧကပေါ်ရှိ နှစ်ထပ်အဆောက်အအုံနှစ်လုံးအား မွမ်းမံပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကုမ္ပဏီ ၁၈ ခုနှင့် ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၁၁ ခုတို့ ပါဝင်ပြသသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ ကျင်းပ




ရန်ကုန် နိုဝင်ဘာ ၁၅

ကုမ္ပဏီ ၁၈ ခုနှင့် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင်လိုင်စင်ရ အေဂျင်စီ ၁၁ ခုတို့ပါဝင်ပြသသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Novotel Hotel ၌ ကျင်းပသည်။

**လှည့်လည်ကြည့်ရှု**

ယင်းအလုပ်အကိုင်အခွင့်အလမ်းပြပွဲကို အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အလုပ်လာရောက်လျှောက်ထားသူများ၊ ပြပွဲတွင်ပါဝင်ပြသသော ကုမ္ပဏီများနှင့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်လုပ်နိုင်သည့် အသက်အပိုင်းအခြားအတွင်း ရောက်ရှိသော လူတိုင်းအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေး၊ ကျွမ်းကျင်မှုလေ့ကျင့်ပေးရေး၊ အလုပ်သမားများ၏ ရပိုင်ခွင့်များ ဆောင်ရွက်ပေးရေးအတွက် အလုပ်သမားဥပဒေများကို ကျောထောက်နောက်ခံပြုပြီး ဥပဒေပါအလုပ်သမားအခွင့်အရေးများ ရရှိခံစားနိုင်စေရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်အပိုင်းအခြားသို့ ရောက်ရှိပြီး အလုပ်ရှာဖွေနေသူများကို ၎င်းတို့၏ ပညာအရည်အချင်း၊ ကျွမ်းကျင်မှု၊ အလုပ်လုပ်ကိုင်နိုင်စွမ်းတို့အပေါ်မူတည်၍ အလုပ်ရှင်များ၏ လိုအပ်ချက်အရ သင့်လျော်သူများကို ရွေးချယ်ခန့်အပ်နိုင်ရန် ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုတွင် ခရိုင်နှင့်မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၈၉ ရုံး ဖွင့်လှစ်၍ စည်းကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလုပ်သမားဥပဒေများနှင့်အညီ သန်စွမ်းသူ၊ မသန်စွမ်းသူ၊ ကျား/မ ခွဲခြားမှုမရှိဘဲ မြို့ပြ၊ ကျေးလက်မကျန် အလုပ်အကိုင်နေရာချထားရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်း၌ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၁၇ ရုံး ဖွင့်လှစ်၍ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးနေမှုနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းပြပွဲကို ပြည်တွင်းကုမ္ပဏီများ၊ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ၊ လုပ်ငန်းရှင်များ၊ အလုပ်သမားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အလုပ်အကိုင် အခွင့်အလမ်းပြပွဲ စုစုပေါင်း ၆၈ ကြိမ် ကျင်းပခဲ့ကာ ယခုပြပွဲတွင် ကုမ္ပဏီ ၁၈ ခုနှင့် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအကျိုးဆောင် လိုင်စင်ရအေဂျင်စီ ၁၁ ခုတို့က ပြခန်းစုစုပေါင်း ၃၈ ခန်းဖြင့် ပါဝင်ပြသကြကြောင်း သိရသည်။

အလုပ်အကိုင် အခွင့်အလမ်းပြပွဲ ဖွင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ရန်ကင်း)သို့ သွားရောက်ပြီး ဂဟေဆက်သင်တန်း အမှတ်စဉ်(၃/၂၀၂၂)နှင့် လေအေးပေးစက် တပ်ဆင်/ပြုပြင်ခြင်းသင်တန်း အမှတ်စဉ်(၃/၂၀၂၂) ဖွင့်လှစ်ပို့ချနေမှုများကိုလည်းကောင်း၊ သင်တန်းပို့ချသည့် စာသင်ခန်းများ၊ Workshop များ၊ သင်ထောက်ကူပစ္စည်းများ၊ စက်ပစ္စည်းများနှင့် လက်သုံးပစ္စည်းများ၊ သင်ရိုးညွှန်းတမ်းများနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျွမ်းကျင်မှုသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မြောက်ဒဂုံ)သို့သွားရောက်ပြီး ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေးအတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုမှုများ၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ထုတ်ပေးနေမှု၊ EPS စနစ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများ စာမေးပွဲမှတ်ပုံတင်ကြေးပေးသွင်းမှုလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့်ပေးအပ်ပွဲ အခမ်းအနားကျင်းပ

ပုသိမ် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့သစ်လုပ်ငန်း၊ သစ်ထုတ်လုပ်ရေးဒေသရုံး(ပုသိမ်)မှ အာမခံအလုပ်သမား ဦးမောင်မောင်စိုး၏ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရသေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက သစ်ထုတ်လုပ်ရေးဒေသရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး တာဝန်ခံအရာရှိက ကျန်ရစ်သူအကျိုးခံစားခွင့်ပြုငွေကျပ် ၉၀၀၀၀၀၀ ကို အလုပ်တွင် ထိခိုက်သေဆုံးသူ အာမခံအလုပ်သမား ဦးမောင်မောင်စိုး၏ ဇနီးဖြစ်သူ ဒေါ်မိုးမိုးစန်းထံသို့ လက်ရောက်ပေးအပ်ခဲ့ပြီး ပုသိမ်မြို့နယ် သစ်ထုတ်လုပ်ရေးမန်နေဂျာ ဦးကျော်မျိုးထက်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိများ၊ မြို့နယ်လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိနှင့် သစ်ထုတ်လုပ်ရေးဒေသရုံး(ပုသိမ်)မှ မန်နေဂျာနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

(၁၀၂) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အကြိုဂုဏ်ပြုဆောင်းပါး

# အမျိုးသားအောင်ပွဲနေ့၊ မျိုးချစ်စိတ်နှင့် အမျိုးသားရေးတာဝန်

**မိုးကေနိုင်**

မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ ၁၉၂၀ ပြည့်နှစ်ဝန်းကျင် တစ်ဝိုက်သည် မြန်မာ့လွတ်လပ်ရေးအတွက် မျိုးချစ်စိတ်အခိုင်အခံ့ သန္ဓေတည်ရာ ကာလတစ်ခုဟု မှတ်ယူနိုင်သည်။

ထိုခေတ်က ကျောင်းသားလူငယ်များတွင် မျိုးချစ်စိတ်ပြင်းထန်လွန်း၍သာ အင်္ဂလိပ်တို့၏ မတရားဖိနှိပ်ချုပ်ချယ်လွန်းသော အုပ်ချုပ်ရေးနှင့် တစ်ဖက်သတ်အနိုင်ကျင့်ထားသော တက္ကသိုလ်ဥပဒေတို့ကို ဆန့်ကျင်သပိတ်မှောက်နိုင်ခဲ့ကြခြင်းဖြစ်သည်။ ခေတ်ပညာတတ်လူငယ်များ အစပျိုးခဲ့သည့် မျိုးချစ်စိတ်က အမျိုးသားပညာရေးမျိုးစေ့ကို ပေါက်ဖွားစေခဲ့သလို နိုင်ငံချစ်စိတ်ကိုပါ တစ်ပါတည်းရိုက်သွင်းပေးနိုင်ခဲ့သည်။ တစ်ဆက်တည်း နယ်ချဲ့လက်အောက်မှ လုံးဝလွတ်မြောက်လိုသည့် စိတ်ဓာတ်၊ တစ်တိုင်းပြည်လုံးနှင့် တိုင်းရင်းသားအားလုံးအတွက် လွတ်လပ်ရေးပန်းတိုင်ကို အရောက်လှမ်းလိုစိတ်များ တစ်တိုင်းပြည်လုံးအနှံ့ ပျံ့နှံ့သွားခဲ့သည်။ ထိုစိတ်ဓာတ်ကောင်းများကသာ တက်ကြွသည့် စစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်များစွာကို ပေါ်ထွက်လာစေသည်ဟု ဆိုရပါမည်။

**ကျော်လွန်ခဲ့ပြီဖြစ်သော မမေ့အပ်သော ရာပြည့်နှစ်များ**

လွတ်လပ်ရေးမရမီကတည်းက သန္ဓေတည်ကိန်းအောင်းခဲ့သော မျိုးချစ်စိတ်ဓာတ်ဖြင့် အင်္ဂလိပ်တို့၏ ဖိနှိပ်မှုမျိုးစုံကို အန်တုတော်လှန်ခဲ့သော မြန်မာခေတ်ပညာတတ်လူငယ်များသည် သမိုင်းအဆက်ဆက် နိုင်ငံ၏ကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်အရေးကြီးသော ကဏ္ဍကဏ္ဍများတွင် စည်းလုံးညီညွတ်စွာဖြင့် ဦးဆောင်မှုပေးနေကြဆဲဖြစ်သည်။ နိုင်ငံအတွက် အားကိုးရပြီး အရည်အချင်းရှိသည့် ထင်ရှားသော ခေါင်းဆောင်ကောင်းအချို့ကို ယနေ့အထိ စဉ်ဆက်မပြတ်မွေးထုတ်ပေးနေဆဲဖြစ်သည်။

အမျိုးသားရေး ဇာတိမာန်ထက်သန်သော ခေါင်းဆောင်ကောင်းတို့ကြောင့် အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဆဲဖြစ်သည်။ ကျွန်တော်တို့သည် နှစ် ၁၀၀ သက်တမ်းပြည့်ခဲ့၊ ကျော်ခဲ့ပြီဖြစ်သော ရာပြည့်အောင်ပွဲများစွာကို ရင်ထဲနှလုံးသားထဲတွင် သတိတရဖြင့် မမေ့နိုင်ဆဲဖြစ်သည်။ ဝိုင်အမ်ဘီအေမွေးဖွားပေးခဲ့သည့် ဂျီစီဘီအေရာပြည့်၊ အမျိုးသားပညာရေးနှင့် မြို့မအမျိုးသားကျောင်း၊ တက္ကသိုလ်ရာပြည့်၊ အမျိုးသားအောင်ပွဲရာပြည့်များသည် အားလုံးအတွက်မမေ့စကောင်းသောအောင်ပွဲများပင်



အမျိုးသားအောင်ပွဲနေ့ကို စတင်သန္ဓေတည်ခဲ့သည့် ရန်ကုန်ကျောင်းသားသပိတ်။

ဖြစ်သည်။

**အကျဘက်ဦးတည်နေသော နိုင်ငံများနှင့်ယှဉ်၍**

ယခုခေတ်ကမ္ဘာကြီးသည် အပြောင်းအလဲများစွာဖြင့် ပြောင်းလဲနေသော်လည်း အကောင်းဘက်သို့အပြောင်းအလဲကိုထင်ထင်ရှားရှားမတွေ့ရ။ ကပ်ရောဂါဘေး၊ စစ်ဘေး၊ စီးပွားရေးတုံ့ဆင်းရပ်တန့်မှု၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးတို့ဖြင့် အကျဘက်သို့ ဦးတည်နေသည်ကို တွေ့ရသည်။

အင်အားကြီးနိုင်ငံများအကြား အားပြိုင်မှု၊ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး အပြိုင်အဆိုင်များကြားက တင်းမာမှုများ မြင့်တက်ဆဲဖြစ်သည်။ ကမ္ဘာမှာ ကိုယ့်လူမျိုး ကိုယ့်အကျိုးစီးပွားသာ ပထမ၊ ကိုယ့်အမျိုးသားအကျိုးစီးပွားကိုသာ ဦးစားပေးစဉ်းစားလာကြသည်ကို တွေ့နေရသည်။ ကမ္ဘာ့ဖြစ်ရပ်အချို့တွင် မျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်အားနည်းသော နိုင်ငံအချို့သည် အချုပ်အခြာကျဆုံးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်းများ ကြုံတွေ့ကြရပြီး အချို့နိုင်ငံများတွင် အမျိုးသားရေး အားပေးသော လက်ယာယိမ်းပါတီများ အင်အားကောင်းလာသည်ကို တွေ့ရသည်။

ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည်လည်း ထို့အတူ ရင်ဆိုင်နေရပါသည်။ ပြည်သူလိုလားတောင့်တသော ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြန်လည်တည်ထောင်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေရသည်။ ပြည်တွင်း၊ ပြည်ပ ဖိအားပေးစွက်ဖက်မှုများ၊ အဖျက်အမှောင့်များ၊ အကြမ်းဖက်လုပ်ရပ်များ၊ ဖျက်ဆီးမှုများကြားမှ သိသာထင်ရှားသည့် တိုးတက်မှုများ မြင်နေရသော်လည်း နိုင်ငံကို တည်ငြိမ်အေးချမ်းရန်၊ အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအရေးများစွာကို ရှေ့တန်းတင်ဦးစားပေး ဖြေရှင်းနေရဆဲဖြစ်သည်ကိုမူ လက်ခံရမည်ဖြစ်သည်။

ဦးစားပေးဆောင်ရွက်ရမှုများ ရှိနေသော်လည်း ရေရှည်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကကျသည်က မျိုးချစ်စိတ်ဖြစ်သည်။ မျိုးချစ်စိတ်ကသာ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် အာမခံချက်ရှိသည်။ မျိုးရိုးလက္ခဏာစရိုက်များ ကွယ်ပလျှင် နိုင်ငံ့အချုပ်အခြာအာဏာအတွက်လည်း ဘေးအန္တရာယ်ရှိသည်။ စစ်မှန်သည့် မျိုးချစ်စိတ်က လက်ဆင့်ကမ်းသော အေးအတူပူအမျှစိတ်ဓာတ်ကသာ တိုင်းရင်းသားအသီးသီး၊ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု၏ အန္တရာယ်များကို ဖယ်ရှားပေးနိုင်မည်ဟု ယုံကြည်သည်။

**စစ်မှန်သောမျိုးချစ်စိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်ဟူသည်**

ဤနေရာတွင် စစ်မှန်သောမျိုးချစ်စိတ်ဆိုသည့် သဘောတရားတစ်ခုကို ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ဖွင့်လိုသည်။ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးကို အသက်တမျှ ချစ်မြတ်နိုးခြင်းသည် မျိုးချစ်စိတ်ပင်ဖြစ်သည်။ **စစ်မှန်သောမျိုးချစ်စိတ်သည် ၁၃၅ မျိုးသော တိုင်းရင်းသားတို့နေထိုင်ရာ နိုင်ငံတော်နှင့် ထိုလူမျိုးအားလုံးကို ကိုယ်စားပြုထားသည်။ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးနှင့် ကိုယ့်နိုင်ငံ အချုပ်အခြာပိုင်နက်ထဲက မည်သည့်အစိတ်အပိုင်းကိုမျှ အထိမခံ၊ ကိုယ့်လူမျိုးထိလျှင်လည်း လက်ပိုက်ကြည့်မနေ၊ သွေးကပြောသည့် မျိုးချစ်စိတ်ဖြင့် ချက်ချင်းပြန်လည်တုံ့ပြန်နိုင်စွမ်းရှိခြင်းသည်ပင် အမျိုးသားရေးစိတ်ဓာတ်ဖြစ်သည်ဟု ယူဆပါသည်။**

တိုင်းရင်းသားအားလုံး စုပေါင်းနေထိုင်ရာ ဤနိုင်ငံနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားဖြစ်သည့် အမျိုးသားအကျိုးစီးပွားကို မျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်မရှိဘဲ မဖော်ဆောင်နိုင်ဟု ယုံကြည်ပါသည်။ မျိုးချစ်စိတ်ဟု ဆိုရာတွင် စိတ်လှုပ်ရှားမှုအပေါ်အခြေမခံ၊ အစွန်းမရောက်ဖို့တော့ လိုသည်။ သို့မဟုတ်လျှင် မျက်ကန်းမျိုးချစ်ဟု စွပ်စွဲခံရနိုင်သည်။ မျိုးချစ်စိတ်မရှိလျှင် နိုင်ငံတော်ပျက်စီးမည့် ဘေးအန္တရာယ်ရှိသလို မျက်ကန်းမျိုးချစ်ကလည်း နိုင်ငံကို ထောင်ချောက်သဖွယ် ချောက်ထဲဆွဲချနိုင်သည်ကို သတိပြုရပါမည်။

**မျိုးချစ်စိတ်ခေါင်းပါးလာလျှင်**

**အဓိကအချက်သည် နိုင်ငံ၏ နောင်လာမည့် အခင်းအကျင်းများနှင့်အတူ ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများ၊** အမျိုးသားရေးကျိုးပျက်စေမည့် ပြည်ပမှ ဘာသာခြား၊ သာသနာခြား၊ မြန်မာစာပေ မြန်မာယဉ်ကျေးမှုဓလေ့စရိုက်နှင့် မအပ်စပ်သည့် ယဉ်ကျေးမှု စိမ့်ဝင်ထိုးဖောက်မှုများ၊ သွေးခွဲမှုများကို ရင်ဆိုင်နိုင်ရန်ဖြစ်သည်။ တစ်ဆက်တည်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း မျက်ခြည်မပြတ်ဘဲ အရှိန်အဟုန်နှင့် ဆက်လက်ဆောင်ရွက်ရန်ရှိနေသည်။

မျက်စိကြီးနားကြီးကြီးနှင့် အချုပ်အခြာအာဏာကို မျိုးချစ်စိတ်အပြည့်၊ တိုင်းချစ်ပြည်ချစ်စိတ်အပြည့်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်လည်း တာဝန်ရှိနေသည်။ မျိုးချစ်စိတ်နည်းလာလျှင် နိုင်ငံ့အရေးထက် ကိုယ့်တစ်ကိုယ်စာအရေးကို ပို၍ဦးစားပေးတတ်ကြသည်။ တစ်နိုင်ငံလုံးအရေး၊ တိုင်းရင်းသားအချင်းချင်း ကူညီဖေးမရိုင်းပင်းပြီး ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားဖို့အရေးထက် ကိုယ့်ဒေသတွင်းမှာပင် ကိုယ့်ဒေသနှင့် ကိုယ့်လူမျိုးကို ချစ်မြတ်နိုးစိတ်၊ စွန့်လွှတ်စိတ်၊ အနစ်နာခံစိတ်ဆိုသည် ဘာမှန်းမသိရှာသည့် အုပ်စုအဖွဲ့များကိုလည်း တွေ့နေရသည်။ မျိုးချစ်စိတ်ကြောင့်ပင် အမျိုးသားစည်းလုံးညီညွတ်မှု အခိုက်အတန့်ဖော်ကျူးနိုင်ခဲ့သည့်ကာလနှင့် ဖြစ်ပျက်ခဲ့သည်များကို မေ့လျော့နေကြသည်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။

လူမှုရေး၊ ဘာသာရေးအခြေခံသည့် ဝိုင်အမ်ဘီအေလို အဖွဲ့အစည်းကြောင့် အမျိုးသားရေးခံယူချက်များ မြင့်မားခဲ့ဖူးပြီး ဗုဒ္ဓဘာသာသာသနာကပညာရေး ပရဟိတဆန်သော လူမှုရေးဝန်းကျင်များ ဖန်တီးတည်ဆောက်နိုင်ခဲ့သည်မှာ မမေ့ကောင်းသော အချက်တစ်ခုဖြစ်သည်။ မှီတင်းနေထိုင်ကြသော နိုင်ငံသားများမှာ တစ်ဦးအပေါ်တစ်ဦး၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား နားလည်မှု၊ ကိုယ်ချင်းစာမှု၊ လေးစားမှု၊ မေတ္တာထားမှုသံယောဇဉ်တရားကို ပေးဆပ်နိုင်ရန်မှာ ထိုနိုင်ငံအပေါ် ချစ်မြတ်နိုးစိတ်နှင့် မျိုးချစ်စိတ်များ အပေါ်မှာသာ အရင်းခံပါသည်။ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်မရှိက အထက်ပါတရားများလည်း အလိုလိုကွယ်ပျောက်သွားမည်သာ ဖြစ်သည်။

စာမျက်နှာ ၇ သို့

> **စစ်မှန်သောမျိုးချစ်စိတ်ဆိုသည့် သဘောတရားတစ်ခုကို ရိုးရိုးရှင်းရှင်း အဓိပ္ပာယ်ဖွင့်လိုသည်။ ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးကို အသက်တမျှ ချစ်မြတ်နိုးခြင်းသည် မျိုးချစ်စိတ်ပင်ဖြစ်သည်။ စစ်မှန်သောမျိုးချစ်စိတ်သည် ၁၃၅ မျိုးသော တိုင်းရင်းသားတို့နေထိုင်ရာ နိုင်ငံတော်နှင့် ထိုလူမျိုးအားလုံးကို ကိုယ်စားပြုထားသည်။ ကိုယ့်နိုင်ငံကိုယ့်လူမျိုးနှင့် ကိုယ့်နိုင်ငံအချုပ်အခြာပိုင်နက်ထဲက မည်သည့်အစိတ်အပိုင်းကိုမျှ အထိမခံ၊ ကိုယ့်လူမျိုးထိလျှင်လည်း လက်ပိုက်ကြည့်မနေ၊ သွေးကပြောသည့် မျိုးချစ်စိတ်ဖြင့် ချက်ချင်းပြန်လည်တုံ့ပြန်နိုင်စွမ်းရှိခြင်းသည်ပင် အမျိုးသားရေးစိတ်ဓာတ်ဖြစ်**

# မြန်မာကိုယ်စားလှယ်အဖွဲ့ မော်စကိုမြို့ရှိ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၁၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် သုတေသနလေ့လာရေးခရီးစဉ်နှင့် (၁၂) ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှု ဖိုရမ်(၂၀၂၂) တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၄ရက် နံနက်ပိုင်းတွင် မော်စကိုမြို့အနီးရှိ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို သွားရောက်လေ့လာကြသည်။



## ကြည့်ရှုလေ့လာ

ထို့သို့လေ့လာရာ စက်ရုံအတွင်းရှိ Water Intake၊ Observation deck တို့ကို လည်းကောင်း၊ ၅၀၀ကေဗွီ Switchyard တို့ကိုလည်းကောင်း၊ ဓာတ်အားပေးစက်ရုံ ထိန်းသိမ်းမောင်းနှင်နေသည့်ဝင်းအတွင်းရှိ ဓာတ်အားပေးစက်များနှင့် Main Control Panel တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် စက်ရုံအစည်းအဝေးခန်းမတွင် RusHydro Group နှင့် Zagorskaya PSPP တို့နှင့်ပတ်သက်၍ PJSC RusHydro, International Cooperation Dapartment အကြီးအကဲဖြစ်သူ Mr. Artem Sokhikyan နှင့် Zagorskaya PSPP ၏ Director Mr. Victor Zhiznevskiy တို့က ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့နွေးထွေးစွာ ကြိုဆိုသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ရုရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာဖြင့် လျှစ်စစ်ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ပိုမိုပူးပေါင်းဆောင်ရွက်လိုပါကြောင်း၊ လက်ရှိဆောင်ရွက်နေသော 1200 MW Pump Storage ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံလည်ပတ်နေမှုကို လေ့လာတွေ့ရှိရသဖြင့် မိမိနိုင်ငံအတွက် များစွာအကျိုးရှိပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အဆွေတော်တို့ ကုမ္ပဏီများအနေဖြင့် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်အပ်ပါကြောင်း၊ မိမိတို့အပေါ်တွင် အလေးအနက်ထား၍ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရသဖြင့် အထူးဝမ်းမြောက်မိပါကြောင်း ပြောကြားပြီး စက်ရုံနှင့်ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးပြီး မေးမြန်းသည်။

မြန်မာနိုင်ငံရှိ ရေအားအရင်းအမြစ်များကို လေ့လာရန်လိုအပ်သည့်နည်းပညာအကူအညီပေးရန် RusHydro Group မှ ပညာရှင်များပါဝင်သည့် အဖွဲ့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့အတွင်း လာရောက်လေ့လာ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးချက်များအရ သိရသည်။

အဆိုပါ Zagorskaya PSPP ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် မော်စကိုမြို့အနီးတွင် တည်ရှိပြီး ကုညာမြစ်အား ရေတံခါးထိန်းကိရိယာများဖြင့် အဖွင့်အပိတ် ဆောင်ရွက်၍ ရေထိန်းဧရိယာ 22. 4 Million Cubic Meter (၁၈၁၆၀ ကေပေ) ရှိကာ 1200 MW ကို နေ့စဉ် အမြင့်ဆုံးသုံးစွဲသည့်အချိန် ၄ နာရီခွဲခန့် မောင်းနှင်၍ ညအချိန်တွင် နေ့ပိုင်းတွင် သုံးစွဲလည်ပတ်မောင်းနှင်ထားသော ရေများကို Pump များဖြင့် ၁၀၀ မီတာအမြင့်ရှိ ရေထိန်းကန်အတွင်းသို့ပြန်လည်မောင်းနှင်၍ အကျိုးရှိစွာဖြင့် အသုံးချဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ထပ်မံ၍လည်း 800 MW အား တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး မော်စကိုမြို့၏ အဓိက သုံးစွဲလျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ပေးနေသည့် စက်ရုံတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ရုရှား သိပ္ပံနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၁၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပမည့် သုတေသနလေ့လာရေးခရီးစဉ်နှင့် (၁၂)ကြိမ်မြောက် နျူကလီးယားနည်းပညာအခြေခံသည့် ဆန်းသစ်တီထွင်မှု ဖိုရမ် (၂၀၂၂) တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ရောက်ရှိနေသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦး၊ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိပ္ပံနှင့်အဆင့်မြင့်ပညာဝန်ကြီးဌာန ဝန်ကြီး H.E. Valery Falkov အား အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပညာတော်သင်စေလွှတ်ရေးကိစ္စ၊ ပညာသင်ဆုအရေအတွက် တိုးမြှင့်ရရှိရေးကိစ္စ၊ တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာ-ရုရှား သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် National Research University Moscow Power Engineering Institute (MPEI) သို့သွားရောက်၍ ပါမောက္ခချုပ် Alexander Bryukhoveskovoe ဦးဆောင်သော တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပညာတော်သင်ကိစ္စရပ်များကို ပိုမိုအကျိုးရှိ ထိရောက်စေရေးအတွက် ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် National Research Nuclear University (MEPhI) ပါမောက္ခချုပ် Vladimir Schevchenko ဦးဆောင်သော တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး တက္ကသိုလ်၏သင်ကြားသင်ယူမှု၊ လက်တွေ့ခန်းများ၊ သုတေသနလုပ်ငန်းများကို လှည့်လည်ကြည့်ရှုပြီး သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၆ မှ

### မျိုးချစ်စိတ်နှင့်ပတ်သက်၍ ခံယူထားသင့်သည့်အချက်

ပြည်တွင်း၊ ပြည်ပစိမ့်ဝင်မှုများနှင့်အတူ အမျိုးဘာသာ သာသနာပျက်ယွင်းစေကြောင်း အကြောင်းတရားများကို ထိန်းသိမ်းရမည်မှာ ယနေ့ခေတ်မျိုးဆက်သစ်လူငယ်များ၏ မျိုးချစ်စိတ်အပေါ်တွင် အဓိကတည်မှီနေသည်။ အမိအဖ၊ ဆရာသမားများ၏ အဆုံးအမများ နည်းပါးလာနေလေသလား၊ ရတနာသဖွယ်ဖြစ်သည့် ဘာသာတရားယဉ်ကျေးမှု တန်ဖိုးများ ယုတ်လျော့လာနေသလား တွေးမိသည်။

ယနေ့ခေတ် ယဉ်ကျေးမှုစံတန်ဖိုးနှင့် မျိုးချစ်စိတ်သည် ငွေကြေးခနှင့် အလဲအထပ်ဖြစ်နေသည်။ မျိုးချစ်စိတ်မရှိလျှင်၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်အမျိုးချစ်စိတ်မှမရှိလျှင် ပျက်စီးဖို့ဘေးရန်အစသည် ပေါ်လာမည်သာဖြစ်သည်။ မျိုးချစ်စိတ်ကင်းမဲ့လာလျှင် သူတော်ကောင်းတို့နေရာမှာ သူယုတ်မာတွေ အစားထိုးလာနိုင်ပြီး ချမ်းသာသုခနှင့် လွဲမည်သာဖြစ်သည်။

**ယနေ့ခေတ်လူငယ်များတွင် မျိုးချစ်စိတ်ဆိုတာ ဘာမှန်းမသိ။ အကြောင်းမှာ မျိုးချစ်စိတ်နှင့် အမျိုးသားရေးတာဝန်များ ပုံဖျက်ခံနေရခြင်းကြောင့်ဖြစ်သည်။ မျိုးချစ်စိတ်အရင်းခံပြီး ခက်ခဲကြမ်းတမ်းစွာ ရယူခဲ့ရသည့် လွတ်လပ်ရေး၊ "ကိုယ့်အချုပ်အခြာနှင့်ကိုယ်၊ ကိုယ့်ဘာသာစကား၊ ကိုယ့်ယဉ်ကျေးမှုနှင့်ကိုယ် ငါတို့လွတ်လွတ်လပ်လပ် ယခုလိုနေရတာဟာ**

> **ယနေ့ခေတ်လူငယ်များတွင် မျိုးချစ်စိတ်ဆိုတာ ဘာမှန်းမသိ။ အကြောင်းမှာ မျိုးချစ်စိတ်နှင့် အမျိုးသားရေးတာဝန်များ ပုံဖျက်ခံနေရခြင်းကြောင့်ဖြစ်သည်။ မျိုးချစ်စိတ်အရင်းခံပြီး ခက်ခဲကြမ်းတမ်းစွာ ရယူခဲ့ရသည့် လွတ်လပ်ရေး၊ "ကိုယ့်အချုပ်အခြာနှင့်ကိုယ်၊ ကိုယ့်ဘာသာစကား၊ ကိုယ့်ယဉ်ကျေးမှုနှင့်ကိုယ် ငါတို့လွတ်လွတ်လပ်လပ် ယခုလိုနေရတာဟာ ရှေးလူငယ်လူကြီးတွေ မျိုးချစ်စိတ်အရင်းခံပြီး အသက်ပေးတိုက်ယူခဲ့လို့သာ ငါတို့ယခုလိုနေရတာပါလား" ကျေးဇူးသိတတ်စွာဖြင့် ခံယူတတ်နေဖို့လို**

**ရှေးလူငယ်လူကြီးတွေ မျိုးချစ်စိတ်အရင်းခံပြီး အသက်ပေးတိုက်ယူခဲ့လို့သာ ငါတို့ယခုလို နေရတာပါလား" ကျေးဇူးသိတတ်စွာဖြင့် ခံယူတတ်နေဖို့လိုပါသည်။**

"ငါတို့လည်း ငါတို့နိုင်ငံနဲ့ ငါတို့အမျိုး၊ ငါတို့ဘာသာသာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ စသည်ကို အတတ်နိုင်ဆုံး ကိုယ်ကျရာကဏ္ဍကနေ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှ ငါတို့ရဲ့ သားသမီးမြေးမြစ်မျိုးဆက်သစ်တွေလည်း ငါတို့နေသလို နေနိုင်ကြမှာပါလား" စသည်ဖြင့် မြော်တွေးထားမှသာ သင့်ပေမည်။

အမေကျော် ထွေးတော်မလွှမ်းမိဖို့လိုသည်။ မိမိမျှော်လင့်ချက်သည် မိမိမှာသာရှိသည်။ ယနေ့လူငယ်တချို့ ဤနိုင်ငံ၌ မျှော်လင့်ချက်မဲ့နေသည်ဟု ထင်နေသူတွေရှိသည်။ သို့သော် မိမိအမိမြေကို မျှော်လင့်ချက်ကြီးစွာဖြင့် တစ်ပါးနိုင်ငံကဝင်လာသူ လူမျိုးခြားများလည်း ရှိလာနေသည်။ သူတို့က စီးပွားရေးအခွင့်အလမ်းအတွက်၊ သူတို့လုပ်ချင်တာ လုပ်နိုင်မည့် အခွင့်အရေးအတွက် မြန်မာ့မြေကို ဖွဲ့နပဲကြီးစွာဖြင့် နင်းလာနေကြသည်။

ကိုယ်ဖယ်ပေးလိုက်လျှင် လာဦးမည့်သူတွေ ရှိနေသည်။ ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်အမျိုးချစ်စိတ်ဖြင့် ရေတိုငွေရဖို့ အလုပ်လုပ်တာထက် ရေရှည်အလုပ်လုပ်ဖို့အတွက် ကျွမ်းကျင်အရည်အချင်းကို ဦးစွာဖြည့်ဆည်းထားစေချင်သည်။ ကိုယ့်အရေးထက် တိုင်းပြည်နှင့် လူမျိုး၊ ကိုယ့်သွေးချင်းသားချင်းများ၏ မျက်နှာကို ပိုကြည့်စေလိုသည်။ ယခုခေတ်တွင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအကျိုးကြည့်ဖို့နေနေသာသာ ကိုယ့်မိဘ၊ မိသားစုအရေးအနီးစပ်ဆုံးကိုယ့်ဆွေမျိုးအရေးပင် စွန့်လွှတ်အနစ်နာခံဖို့ ဝေးစွ၊ မစဉ်းစားတတ်ကြတော့သည်အထိ ဖြစ်နေသည်။ မျိုးချစ်စိတ်ကုန်ခန်းပြီး အမျိုးသားရေးဓာတ်မာန်များ ယုတ်လျော့နေသည့် သာဓကတစ်ရပ်ပင်ဖြစ်သည်။

ဤဆောင်းပါးသည် နိုင်ငံမျိုးဆက်သစ်လူငယ်များအတွက် ရည်ရွယ်ပါသည်။ မျိုးချစ်စိတ်ဓာတ် လူငယ်များ၏ ရင်ထဲ၊ နှလုံးသားထဲအထိ အရောက်ဝင်နိုင်ရန်အတွက် ဖြစ်သည်။ စွဲမြဲစွာကိန်းအောင်းနေရမည့် မျိုးချစ်စိတ်ကို ပညာရေးတံခါးဝမှတစ်ဆင့် ဝင်ရောက်မှသာ ရနိုင်သည်ဖြစ်၍ ပညာရေးသည်သာ အဓိကအားကိုးရာဖြစ်ပါမည်။

**ယနေ့အခြေအနေများအရ မျိုးချစ်စိတ်မရှိလျှင် ရှင်သန်ရပ်တည်ရန်ခဲယဉ်းပါသည်။ မျိုးချစ်စိတ်ဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ အခြေခံအဆောက်အအုံများ ခိုင်မာစွာတည်ဆောက်နိုင်ရုံ၊ State building ဖြစ်ရုံနှင့်မပြီးဘဲ သက်ဆိုင်ရာလူမျိုးအားလုံး၏ ပညာရေး၊ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းဆောင်ရွက်နိုင်မှ Nation building ဖြစ်မှသာ နိုင်ငံနှင့် လူမျိုး၊ ထိုနိုင်ငံနှင့် ထိုလူမျိုးတို့၏ အမျိုးသားအကျိုးစီးပွားကို အရှည်တိုးတက်တည်တံ့အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။** ။

# တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် သင်ကြား၊ စီမံကိန်းစရိတ်များ အဆင်ပြေချောမွေ့စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၅

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာနရှိ ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက နိုင်ငံခြားပညာသင် စေလွှတ်ရေးဆိုင်ရာကိစ္စ၊ စာတမ်းဖတ်ပွဲများ၊ ဆွေးနွေးပွဲများနှင့် အစည်းအဝေးပွဲများသို့ ကိုယ်စားလှယ် စေလွှတ်ခြင်းဆိုင်ရာကိစ္စ၊ အကြောင်းအမျိုးမျိုးကြောင့် ဂုဏ်ထူးတန်းတက်ရောက်နိုင်ခြင်းမရှိသည့် ကျောင်းသားကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်းရရှိစေရေးဆိုင်ရာကိစ္စရပ်များနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် သင်ကြား၊ စီမံကိန်းစရိတ်များ အဆင်ပြေချောမွေ့စေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်သည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အွန်လိုင်းမှတက်ရောက်ကြသည့် ပါမောက္ခချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစာပေဆုနှင်းသဘင် နိုဝင်ဘာ ၂၃ ရက်တွင် ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၁၅

၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင်းသဘင်ကို နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၂) (MICC-II) ၌ ကျင်းပမည်ဖြစ်သည်။

ဆုရရှိသူစာရင်းအား အောက်တိုဘာ ၂၉ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီး ဆုနှင်းသဘင်အခမ်းအနားသို့ ဆုရရှိသူများ၊ ဆုရစာအုပ်များကို ထုတ်ဝေခဲ့သည့် စာပေတိုက်များနှင့် ထုတ်ဝေသူများ၊ အမျိုးသားစာပေတစ်သက်တာဆုနှင့် စာပေပညာရှင်များအားလုံး အပါအဝင် စာပေဆိုင်ရာအဖွဲ့အစည်းများသို့ ဖိတ်ကြားထားကြောင်း သိရသည်။

အစမ်းလေ့ကျင့်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆုရရှိကြသူများအနေဖြင့် စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ (စာပေဗိမာန်) နေပြည်တော် ဖုန်း - ၀၆၇-၃၄၁၂၂၀၃ နှင့် ၀၉-၄၂၀၁၃၀၄၈၁ တို့သို့ သတင်းပို့ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ဈေးကုန်းကျောင်းတိုက်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိသီရိသုဇနကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဥဿာသီရိ ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ကတိုးမဟာရင် ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မဟာဝိဇယာရာမကျောင်းတိုက်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်ရှိ သဒ္ဓမ္မသိဒ္ဓိကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ယန်းကုန်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိအောင်မြေရတနာပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာပညိန္ဒာရာမကျောင်းတိုက်နှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ သီရိရတနာတောရမဂ္ဂင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပြည်ကျောင်း ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ရတနာသိင်္ဂီ(ခရမ်း) ပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ပန်အုပ်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု၌ ပေါ်ဆန်းရင်(မျိုးကွဲ) မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ဖျာပုံ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၏ မိုးစပါးအထွက်နှုန်းအား သိရှိနိုင်ရန်ရည်ရွယ်၍ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု တောင်သူ ဦးသန်းလွင်၏ ပေါ်ဆန်းရင်(မျိုးကွဲ)စိုက်ခင်း၌ ကျင်းပခဲ့သည်။



"သလိပ်ကြီးကျေးရွာအုပ်စု တောင်သူ ဦးသန်းလွင်ရဲ့ မိုးစပါး ပေါ်ဆန်းရင်မျိုးကွဲ ၉ ဒသမ ၃၄ ဧကအတွင်းမှာ ရိတ်သိမ်းခဲ့တာဖြစ်ပြီး တစ်ဧကကို အခြောက်တင်း ၆၀ ဒသမ ၈၇ တင်း ထွက်ရှိပါတယ်" ဟု မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသောင်းနိုင်ဦး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးစိုးမိုးအောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

၂၀၇



# တိုက်ကြီးမြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

တိုက်ကြီး နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တိုက်ကြီးမြို့မဈေးတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရန်ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ယနေ့ မွန်းလွဲ ၃ နာရီက အဆိုပါဈေး၌ ဆောင်ရွက်ကြသည်။

ထိုသို့ တိုက်ကြီးမြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထိုက်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက် ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေများအား စစ်ဆေးခြင်း၊ ဈေးသူဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တိုက်ကြီးမြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဥာဏ်ဟိန်း


# မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ် ငါးခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ်နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ်တစ်ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Font size- 12, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့အရောက် ပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာ ပါရှိရမည်။

မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ရှေးဟောင်းအဆောက်အအုံ ကမ္ပည်းမော်ကွန်းကြေးပြားတပ်ဆင်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

ကုန်သည်လမ်းရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ ကမ်းနားလမ်းရှိ အကောက်ခွန်ရုံးနှင့် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံများတွင် ရှေးဟောင်းအဆောက်အအုံ ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သက်ဆိုင်ရာ အဆောက်အအုံများ၌ ကျင်းပသည်။

**တက်ရောက်**

ကမ္ပည်းမော်ကွန်းတပ်ဆင်ခြင်း အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်း၊ စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယ မြို့တော်ဝန်) ဦးညီညီ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်းများ၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ် ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးပြီး မြန်မာနိုင်ငံအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၁ ခုတွင် နှစ် ၁၀၀ သက်တမ်းအထက်ရှိ အဆောက်အအုံပေါင်း ၂၀၈ လုံးကို ရှေးဟောင်းအဆောက်အအုံအဖြစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းတွင် ရှေးဟောင်းအဆောက်အအုံပေါင်း ၁၂၄ လုံးကို သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံများကို ဥပဒေ၊ နည်းပဒေများဖြင့် ကာကွယ်စောင့်ရှောက်သည့်အပြင် ရှေးဟောင်းအဆောက်အအုံများကို ပြုပြင်ထိန်းသိမ်းရာတွင် ရှေးဟောင်းလက်ရာများ မပျောက်မပျက်စေရေးနှင့် အဆိုပါ ရှေးဟောင်းအဆောက်အအုံများသည် ရှေးဟောင်းအဆောက်အအုံများဖြစ်ကြောင်း ထင်ရှားသိသာစေရန် ဖော်ပြထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ ရှေးဟောင်းအဆောက်အအုံများ၏ ပုံသဏ္ဌာန်၊ တည်ဆောက်ပုံ နည်းစနစ်၊ မူလလက်ရာများ၏ တန်ဖိုးအခြေအနေများကိုသိရှိပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်ကြမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ဝင်းသိန်းက ရှေးဟောင်းအဆောက်အအုံ ကမ္ပည်းမော်ကွန်းကြေးပြား တပ်ဆင်ရခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်



ပြည်ထောင်စုဝန်ကြီးဦးကိုကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ရှေးဟောင်းအဆောက်အအုံကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

ဒေါက်တာကျော်ဦးလွင်က ရှေးဟောင်းအဆောက်အအုံများတွင် ကမ္ပည်းမော်ကွန်းတပ်ဆင်ရခြင်း ရည်ရွယ်ချက်တို့နှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်သည်လမ်းရှိအမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ ကမ်းနားလမ်းရှိ အကောက်ခွန်ရုံးနှင့် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံတို့ရှိ ရှေးဟောင်းအဆောက်အအုံ ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် အဆောက်အအုံသုံးလုံးကို လက်ရှိထိန်းသိမ်းစောင့်ရှောက်နေသည့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အကောက်ခွန်ရုံးအဆောက်အအုံ ကမ္ပည်းကြေးပြားတပ်ဆင်အပြီးတွင် အကောက်ခွန်ရုံးအတွင်း ခင်းကျင်းပြသထားရှိသည့် အကောက်ခွန်ပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယနေ့ အမွေအနှစ်ကမ္ပည်းမော်ကွန်း ကြေးပြားတပ်ဆင်သည့် အမျိုးသားစာကြည့်တိုက်သည် ၁၉၀၈ခုနှစ်က ဗြိတိသျှရေနံစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ဘီအိုစီကုမ္ပဏီ၏ ရုံးစိုက်ရာ အဆောက်အအုံဖြစ်ခဲ့၍ လွတ်လပ်ရေးရပြီးနောက် ၁၉၆၃ ခုနှစ်တွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းဆောင်ရွက်ရာ ရုံးဌာနတစ်ခုဖြစ်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမျိုးသားစာကြည့်တိုက်အဖြစ် ယနေ့တိုင် ဖွင့်လှစ်လျက်ရှိသည်။

ရှေးဟောင်းအဆောက်အအုံ စာရင်းဝင်ဖြစ်သည့် အကောက်ခွန်ရုံးသည် ယခင် ၁၈၅၃ ခုနှစ်က တည်ဆောက်ခဲ့သည့် သစ်သားအဆောက်အအုံနေရာတွင် ယခုမြင်တွေ့နေရသည့် အဆောက်အအုံကို ၁၉၁၃ ခုနှစ်မှ စတင်ဆောက်လုပ်ပြီးကာ ၁၉၁၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ မျက်နှာစာဘက်တွင် နာရီစင်ပါရှိသည့် မျှော်စင်အဆောင်နှင့် အလင်းနှင့် လေဝင်လေထွက်ကောင်းစေရန်လည်း ထည့်သွင်းတည်ဆောက်ထားကြောင်း တွေ့ရှိရသည်။

ဝန်ကြီးများရုံးဖြစ်သည့် အတွင်းဝန်ရုံးသည် ရှေးယခင်က မြင်းခင်းသဘင်ကျင်းပခဲ့သည့် နေရာဖြစ်ခဲ့ပြီး ယခုအဆောက်အအုံကို ၁၈၈၉ ခုနှစ်မှ စတင်ကာ ၁၉၀၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

နိုင်ငံ့ခေါင်းဆောင်ကြီးများ နိုင်ငံ့အရေးဆောင်ရွက်နေစဉ် လုပ်ကြံခံခဲ့ရသည့် သမိုင်းဝင်နေရာလည်း ဖြစ်သည့်အပြင် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာတို့၏လွတ်လပ်ရေးကို ဦးဆုံး ထုတ်ပြန်ကြေညာခဲ့ရာနေရာလည်းဖြစ်သည်။

ယနေ့ကမ္ပည်းမော်ကွန်းတပ်ဆင်ခဲ့သည့် ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အအုံများသည် ရန်ကုန်မြို့တွင်သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မြောက်မြားစွာ တည်ရှိနေသည့်အတွက် ရှေးဟောင်းအဆောက်အအုံများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များကို နောင်မျိုးဆက်သစ်များတိုင်အောင် ရေရှည်တည်တံ့စေရန်အတွက် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်း ပါဝင်ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သည်။ **သတင်းစဉ်**

# ပဥ္စမအကြိမ်မြောက် သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ သုတေသနညီလာခံ စာတမ်းဖတ်ပွဲ ကျင်းပ




**ရန်ကုန် နိုဝင်ဘာ ၁၅**

ပဥ္စမအကြိမ်မြောက် သမုဒ္ဒရာနှင့် ကမ္ဘာမြေသိပ္ပံဆိုင်ရာ သုတေသနညီလာခံ စာတမ်းဖတ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်ရှိဒဂုံတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)၌ ကျင်းပသည်။

**ရည်ရွယ်ကျင်းပ**

အဆိုပါ စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများရှိ ဦးစီးဌာနများမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သုတေသနပြုလုပ်ရာတွင် နိုင်ငံတကာသုတေသန အတွေ့အကြုံကောင်းများရရှိစေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များ၊ အခြားနိုင်ငံမှ ပညာရှင်များနှင့် ချိတ်ဆက်ပြီး အသိပညာ၊ အတတ်ပညာများ ဖလှယ်ခွင့်ရရှိစေရန်၊ ထိုမှတစ်ဆင့် အနာဂတ်ပညာရေးအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ သုတေသနတွေ့ရှိချက်များကိုလက်တွေ့အသုံးချမည့် ပညာရှင်များ ပေါ်ထွန်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ယင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သဘာဝအရင်းအမြစ်ဝန်ကြီးဌာန ကွမ်ကျိုးအဏ္ဏဝါဘူမိသိပ္ပံဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဂူဝင်ဟေးတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌ ဦးကြည်ထွန်းနှင့် ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်တို့က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားခဲ့ကြကာ The 5th International Conference on Substantial Scientific Collaboration of Ocean and Earth Science between Myanmar and China (SSCOE–2022) သုတေသနညီလာခံ ကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစိုးမိုးလွင်က SSCOE သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ငွေကျပ်သိန်း ၃၀ ကို ဒဂုံတက္ကသိုလ် ပါမောက္ခချုပ်ထံ သုတေသနညီလာခံ အခမ်းအနား ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ပေးအပ်ပြီး ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးကြသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

**စာတမ်းပေါင်း ၁၄၃ စောင်ဖတ်ကြား**

သုတေသနညီလာခံ စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၅ ရက်အထိ ဒဂုံတက္ကသိုလ်၌ ကျင်းပခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ တက္ကသိုလ်များမှ ဆရာ ဆရာမ သုတေသနပညာရှင်များ၊ ဥရောပနှင့် အရှေ့တောင်အာရှမှ ဆရာ ဆရာမ သုတေသနပညာရှင်များ၊ မြန်မာနိုင်ငံရှိ တက္ကသိုလ်များမှ ဆရာ ဆရာမ သုတေသန ပညာရှင်များက သုတေသနစာတမ်းပေါင်း ၁၄၃ စောင်ကို တင်သွင်းဖတ်ကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငပလီကမ်းခြေ၌ တတိယအကြိမ် ဆောင်းဦးပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**သံတွဲ နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် သံတွဲမြို့နယ် ငပလီကမ်းခြေ၌ တတိယအကြိမ် ဆောင်းဦးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးချစ်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ပွဲတော်ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆောင်းဦးကာလ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ငပလီကမ်းခြေသို့ လာရောက်လည်ပတ်မည့် ခရီးသွားများကို ဆွဲဆောင်သည့်အနေဖြင့် ငပလီကမ်းခြေ၌ တတိယအကြိမ် ဆောင်းဦးပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်တွင် Ngapali Paradise Hotel ၌ ကျင်းပသွားမည်ဖြစ်ပြီး သဲသောင်ပြင်ဘော်လီဘောပြိုင်ပွဲ၊ စုပေါင်းစက်ဘီးစီးပွဲ၊ ချောတိုင်တက်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ သဲပန်းချီပြပွဲ စသည့် ပျော်ပွဲရွှင်ပွဲများ ထည့်သွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ငပလီကမ်းခြေ ဆောင်းဦးပွဲတော်ကို ၂၀၁၉ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၂၁ ခုနှစ်တွင် ဒုတိယအကြိမ် ကျင်းပခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် တတိယအကြိမ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **စန္ဒာကြည်(ပြန်/ဆက်)**

# ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၂ ခုနှစ် **"ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့"** အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ သင်ကြားရေးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆီးချိုသွေးချိုရောဂါကုသရေးတွင် အသုံးပြုသည့် အင်ဆူလင်ထိုးဆေးကို ရှာဖွေတွေ့ရှိခဲ့သည့် သိပ္ပံပညာရှင်တစ်ဦးဖြစ်သည့် Sir Frederick Banting ၏ မွေးနေ့ဖြစ်သည့် နိုဝင်ဘာ ၁၄ ရက်ကို **"ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့"** အဖြစ် သတ်မှတ်ကာ ၂၀၀၆ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်နှစ်တိုင်း အထိမ်းအမှတ်နေ့များကို ကျင်းပခြင်းဖြစ်ကြောင်း။

ယခု ၂၀၂၂ ခုနှစ်အတွက် အထိမ်းအမှတ်ဆောင်ပုဒ်မှာ 'Education to Protect Tomorrow' ဖြစ်ပြီး မြန်မာဘာသာဖြင့် **"အနာဂတ်တွေလှပဖို့ အသိပညာမြှင့်တင်လို့ ဆီးချိုရောဂါကာကွယ်စို့"** ဖြစ်ပြီး အရည်အသွေးပြည့်ဝသော ဆီးချိုပညာပေးလုပ်ငန်းများကို ကျန်းမာရေးပညာရှင်များအနေဖြင့် ဆီးချိုဝေဒနာရှင်များအကြား ကျယ်ပြန့်အောင်မြင်အောင် ဆောင်ရွက်စေရေးအတွက် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာဆီးချိုအဖွဲ့ချုပ်၏ ၂၀၂၁ ခုနှစ် ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်းတွင် ဆီးချိုဖြစ်ပွားနေသူ ၅၃၇ သန်းရှိ၍ လူ ၁၀ ဦးတွင် တစ်ဦးက ဆီးချိုရောဂါဖြစ်ပွားနေပြီး ဆီးချိုသွေးချိုဖြစ်ပွားနေသူ လူဦးရေတစ်ဝက်ခန့်သည် မိမိတွင် ဆီးချိုရောဂါရှိနေသည်ကို မသိရှိကြကြောင်း၊ ဆီးချိုသွေးချိုရောဂါဖြစ်ပွားသေဆုံးမှုသည် နှစ်စဉ်မြင့်မားလာလျက်ရှိပြီး ရောဂါကြောင့်သေဆုံးမှုသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပို၍များနေသည်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ သိရှိရကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော စစ်တမ်းအရ ကနဦး ဆီးချိုအဆင့်ရှိသူမှာ ၁၉ ဒသမ ၇ ရာခိုင်နှုန်းရှိနေပြီး ထိုသူများအနေဖြင့် ဆက်လက်၍ ဆီးချိုရောဂါဝေဒနာရှင်အဖြစ် ရောက်ရှိလာခြင်းနှင့် နောက်ဆက်တွဲရောဂါများ ဖြစ်နိုင်ခြေအလွန်များကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် **ဆီးချိုရောဂါပညာပေးကုသမှုဌာန (Center of Excellence for Diabetes)** များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ ဆေးရုံကြီးလေးခုနှင့် မကွေးပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားရှိပြီး ယင်းတို့အပြင် ကျေးလက်ကျန်းမာရေးဌာန၊ ဒေသန္တရကျန်းမာရေးဌာနများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနများတွင် **ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်းများ** ဖွင့်လှစ်ပြီး အခြေခံကျန်းမာရေးဝန်ထမ်းများက ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါများ အခမဲ့စစ်ဆေးကုသပေးခြင်း၊ လိုအပ်လျှင် လွှဲပြောင်းပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်စားသောက်ရမည့် နည်းလမ်းများနှင့် လေ့ကျင့်ခန်းများကို သင်ကြားပြသခြင်းများ၊ ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြည်သူလူထုမှလည်း ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာများကို ကိုယ်တိုင်လိုက်နာကျင့်သုံးရုံသာမက မိသားစု၊ ပတ်ဝန်းကျင်နှင့် ပြည်သူလူထုတစ်ရပ်လုံး ပျံ့နှံ့အောင် ဆက်လက်အသိပညာဖြန့်ဝေပေးခြင်း၊ ကိုယ်တိုင်လိုက်နာ ကျင့်သုံးခြင်းဖြင့် ဆီးချို သွေးချိုအန္တရာယ်မှ ကာကွယ်ကြရန် ပြောကြားသည်။

ဆက်လက်၍ ဆီးချိုသွေးချိုကာကွယ်ထိန်းသိမ်းရေးစီမံချက်မှ စီမံချက်မန်နေဂျာ ပါမောက္ခဒေါက်တာကိုကိုက ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ ဆီးချိုရောဂါပညာပေးကုသဌာနသို့ သွားရောက်၍ ဆီးချိုသွေးချိုဝေဒနာရှင်များအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆီးချိုအမျိုးအစား(၁) လူနာများကို အင်ဆူလင်ဆေးဝါးများနှင့် ဆီးချိုစမ်းသပ်စက်များကို ထောက်ပံ့ပေးအပ်ကာ လူနာများကို ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်သည်။

အဆိုပါ အခမ်းအနားတွင် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ ပညာပေးဗီဒီယိုများ ပြသခြင်းနှင့် တက်ရောက်လာသည့် ဧည့်သည်တော်များကို ဆီးချိုသွေးချိုရှိ၊ မရှိ အခမဲ့စစ်ဆေးပေးခြင်း၊ ကုသမှုပေးခြင်းနှင့် လိုအပ်ပါက လွှဲပြောင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်၏ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနာကြီးရောဂါတိုက်ဖျက်ရေးစီမံချက်၏ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။



ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် အနာကြီးရောဂါကင်းဝေးရေးရည်မှန်းချက်ကို ၂၀၀၃ ခုနှစ်၌ ပြည့်မီနိုင်ခဲ့ကြောင်း၊ တစ်နည်းအားဖြင့် အနာကြီးရောဂါဖြစ်ပွားမှုနှုန်းကို လူဦးရေတစ်သောင်းလျှင် တစ်ဦးအောက်လျော့နည်းအောင် လျှော့ချနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ရောဂါကူးစက်မှုရှိနေဆဲဖြစ်ပြီး အနာကြီးရောဂါလူနာသစ် ၂၀၀၀ ခန့် နှစ်စဉ်ရှာဖွေတွေ့ရှိနေရဆဲဖြစ်ကြောင်း၊ သို့အတွက် အနာကြီးရောဂါ ပြန်လည်ဦးမော့မလာစေရေးအတွက် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

လူနာသစ်များတွင် ကိုယ်အင်္ဂါချို့ယွင်းမှုအဆင့်-၂ ရှိသူများ ပါဝင်နေသဖြင့် ကိုယ်အင်္ဂါချို့ယွင်းမှုမဖြစ်မီ လူနာများကို စောစီးစွာရှာဖွေဖော်ထုတ်နိုင်ရေးအတွက် လူနာသစ်ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်လည်းလိုအပ်နေကြောင်း၊ လူနာသစ်များရှာဖွေဖော်ထုတ်၍ ဆေးဝါးကုသခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ လွန်ခဲ့သော ငါးနှစ်အတွင်း ကျေးလက်ကျန်းမာရေးဌာန ၂၈၀ တွင် စုစုပေါင်းလူနာသစ် ၇၂၆ ဦးကို ရှာဖွေဖော်ထုတ်ပြီး စောစီးစွာ ဆေးကုသပေးနိုင်ခဲ့ကြောင်း၊ ယနေ့ အစည်းအဝေးသည် အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ပြန်လည်သုံးသပ်ရန်၊ ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးရန်နှင့် အဆိုပါရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အသေးစိတ်ညှိနှိုင်းဆွေးနွေးရန် ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နည်းပညာဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဒုတိယတိုင်းဒေသကြီး /ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူး(တီဘီ/အနာကြီး)များ အဖွဲ့ခေါင်းဆောင် ဆရာဝန်(တီဘီ/အနာကြီး)များ၊ အနာကြီးရောဂါစောင့်ရှောက်ရေးမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အဆိုပါ နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို နေပြည်တော်၌ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာရှိ ဆိုင်ကလုန်းရှပ်တာတွင် အခြေပြု၍ ဒေသခံပြည်သူ ၁၁၁၈ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၃၆၈ ဦး၊ ခွဲစိတ်ရောဂါ ၆၅ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၄၁ ဦး၊ ကလေးရောဂါ ၃၃ ဦး၊ အရိုးရောဂါ ၁၈၁ ဦး၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ ၄၇ ဦး၊ မျက်စိရောဂါ ၃၁၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၂ ဦး စုစုပေါင်း ၁၁၁၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာလေးဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၄၄ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၃၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၈ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နီးစပ်ရာတပ်မတော်ဆေးရုံနှင့်ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အမျိုးသားအလျားခုန်ပြိုင်ပွဲ ကျင်းပစဉ်။

❂ ကျောဖုံးမှ

တပ်မတော်အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲမှ အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ မီတာ ၁၀၀ တန်းကျော်ပြေးပြိုင်ပွဲ၊ အမျိုးသမီး တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံတန်းမြင့်ခုန်ပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီး မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား အလျားခုန်ပြိုင်ပွဲ၊ အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး ခုနစ်မျိုးစုံ မီတာ ၂၀၀ အပြေးပြိုင်ပွဲ လူရွေးပွဲနှင့် ဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ဂျူဒိုပြိုင်ပွဲကို ဧယျာသီရိအားကစားရုံ(A)၌ အမျိုးသား အမျိုးသမီး ကီလိုတန်းအလိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ ဘော်လီဘောပြိုင်ပွဲကို ဧယျာသီရိအားကစားရုံ(B)၌ အမျိုးသား အမျိုးသမီး အုပ်စုပတ်လည် ပြိုင်ပွဲများကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဧယျာသီရိအားကစားရုံ(C)၌ ပညာစဉ်စွမ်းရည်ပြပြိုင်ပွဲနှင့် လက်ထောက်နည်းပြအဆင့် လက်သိုင်းပညာစဉ် စွမ်းရည်ပြပြိုင်ပွဲ၊ အမျိုးသားကီလိုတန်းအလိုက် အတိုက်ပြိုင်ပွဲများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲမှ အလွတ်တန်းလေးယောက်တွဲအဖွဲ့လိုက် ပြိုင်ပွဲများနှင့် ကရာတေးဒိုပြိုင်ပွဲတွင် အကြိုးတန်း တစ်ဦးချင်းပြိုင်ပွဲ၊ လူသစ်တန်းတစ်ဦးချင်းပြိုင်ပွဲများကိုလည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား(ခ)အဆင့် ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းနှင့် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု(ခ)အသင်းတို့သည် ယနေ့ညနေပိုင်းတွင် ဧယျာသီရိတပ်မတော်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု(ခ)အသင်းက အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု(ခ)အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပစဉ်။



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ကျင်းပစဉ်။



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပစဉ်။



၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲ အမျိုးသမီးကရာတေးဒိုပြိုင်ပွဲ ကျင်းပစဉ်။

# နည်းပြ အဲရစ်တန်ဟက်က တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို မန်ယူအသင်းမှာ နောက်တစ်ကြိမ် မြင်တွေ့ဖို့ ဆန္ဒမရှိဟုဆို




မန်ယူအသင်း တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ နည်းပြအဲရစ်တန်ဟက်နဲ့ ကလပ်အသင်းကလူတချို့ကို ပီယာမော်ဂန်နဲ့ အင်တာဗျူးတစ်ခုမှာ ပေါက်ကွဲစွာဝေဖန်ခဲ့ပြီးနောက် မန်ယူအသင်းနည်းပြ အဲရစ်တန်ဟက်က စီရိုနယ်လ်ဒိုနဲ့ပတ်သက်ပြီး နောက်ဆုံး ဆုံးဖြတ်ချက်ချခဲ့ပြီ ဖြစ်ပါတယ်။

အဲရစ်တန်ဟက်ရဲ့ ဆုံးဖြတ်ချက်ကတော့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုကို မန်ယူအသင်းမှာ နောက်တစ်ကြိမ်မြင်တွေ့ရဖို့ ဆန္ဒမရှိဘူးဆိုပြီး ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်။ အသက် ၃၇ နှစ်အရွယ် တိုက်စစ်မှူး စီရိုနယ်လ်ဒိုကလည်း အသင်းနဲ့ အသင်းနည်းပြကို ဝေဖန်ခဲ့ပြီးနောက် အိုးထရက်ဖို့ဒ်ကနေ ထွက်ခွာဖို့ ဆုံးဖြတ်ထားတာ ဖြစ်ပါတယ်။

ဇူလိုင်လအတွင်းက ရာသီအကြိုပထမဆုံး ချစ်ကြည်ရေးပွဲစဉ်အဖြစ် မန်ယူအသင်းနဲ့ ဗယ်လက်ကာနိုအသင်းတို့ပွဲစဉ်မှာ လူစားလဲမှုကို မကျေနပ်လို့ တိုက်စစ်မှူးစီရိုနယ်လ်ဒို အိုးထရက်ဖို့ဒ်ကွင်းထဲကနေ ထွက်သွားစဉ်ကလည်း စီရိုနယ်လ်ဒိုရဲ့ အနာဂတ်အရေးနဲ့ပတ်သက်ပြီး နည်းပြအဲရစ်တန်ဟက်က ပထမအကြိမ် သတိပေးခဲ့ဖူးတာဖြစ်ပါတယ်။

ဒါ့ပြင် ပြီးခဲ့တဲ့လအတွင်းက စပါးအသင်းကို မန်ယူအသင်းက နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ပွဲစဉ်မှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုအနေနဲ့ လူစားဝင်ကစားဖို့ ငြင်းဆိုခဲ့တာကြောင့် သီတင်းနှစ်ပတ်စာ လုပ်ခလစာကို ဒဏ်ကြေးအဖြစ် အသင်းအား ပေးခဲ့ရတာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ စာချုပ်သက်တမ်းကို ဖျက်သိမ်းဖို့ရှိနေပြီး ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းက ခေါ်ယူမယ့်ဆိုတဲ့သတင်းတွေ ထွက်ပေါ်နေသလို စီရိုနယ်လ်ဒိုနဲ့ ၎င်းရဲ့အေးဂျင့်ဖြစ်သူတို့က ပြီးခဲ့တဲ့သီတင်းပတ်အတွင်းကတည်းက ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။

ငွေကြယ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၃၂၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၅-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၄-၁၁-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၅-၁၁-၂၀၂၂)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၈,၃၂၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၄)ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၁၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၄၉,၀၂၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၈၀၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉၇)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၁၄၂)ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၆) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၄) ရက်ဆက်တိုက် (၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## မွန်ပြည်နယ်အတွင်း ကျေးလက်လမ်း ၆၆ မိုင်ကျော်နှင့် ကျေးလက်တံတား ၄၄ စင်း ဆောင်ရွက်



မော်လမြိုင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီးမျိုးဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်နယ်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လပတ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၉၂ ဒသမ ၈၈၄ သန်းဖြင့် ကျေးလက်လမ်း ၄ ဒသမ ၂ မိုင်ကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၄၇၄၅ ဒသမ ၆၀၇ သန်းဖြင့် ကျေးလက်လမ်း ၆၂ ဒသမ ၀၇ မိုင်နှင့် ကျေးလက်တံတား ၄၄ စင်းကို လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု၌ ပေါ်ဆန်းရင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ကျိုက်လတ် နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၏ မိုးစပါးအထွက်နှုန်းအား သိရှိနိုင်ရန် ရည်ရွယ်၍ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ် ၉၉(ဘီ)တဘိုးကုန်းအရှေ့ကွင်း ဦးပိုင်အမှတ် ၁၇/၃ ရှိ တောင်သူ ဦးအောင်သန်း၏ သင့်အဆင့်အတန်းရှိ ပေါ်ဆန်းရင်စိုက်ခင်း၌ ပြုလုပ်သည်။

“လှည်းဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ် ၉၉(ဘီ)တဘိုးကုန်းအရှေ့ကွင်း ဦးပိုင်အမှတ် ၁၇/၃ မှာရှိတဲ့ တောင်သူ ဦးအောင်သန်းရဲ့ ဒေသစပါးပေါ်ဆန်းရင်စိုက်ဧရိယာ ၈ ဒသမ ၅၁ ဧကအတွင်းမှာ ရိတ်သိမ်းခဲ့တာဖြစ်ပြီး တစ်ဧကကို အခြောက်တင်း ၅၇ ဒသမ ၇၉ တင်း ထွက်ရှိပါတယ်”ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းနိုင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူလင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သပြေထွန်း**



## သထုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)တို့နှင့် ပတ်သက်၍ အသိပညာပေးနှိုးဆော်

သထုံ နိုဝင်ဘာ ၁၅

မွန်ပြည်နယ် သထုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ( ၆၆/၆)တို့နှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်များကို ပြည်သူများသိရှိစေရေးအတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။



နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်း (၆၆/၆) ပုံစံများအား Software Program စနစ်ဖြင့် Database ထည့်သွင်း ရိုက်ကူးခြင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန သထုံမြို့နယ် ဦးစီးမှူးရုံးမှ ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် အိမ်ထောင်စု လူဦးရေစာရင်း (၆၆/၆)ပုံစံများ ကွဲလွဲခြင်း၊ အပိုကိုင်ဆောင်ခြင်းတို့အား နီးစပ်ရာ မြို့နယ်ရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သထုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးတင်အောင်ဖြိုးနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များက လက်ကမ်းစာစောင်များဖြန့်ဝေပြီး မြို့တွင်းနေရာအနှံ့အပြား၌ အသံချဲ့စက်ဖြင့် အသိပညာပေးခြင်းတို့ကို ဆောက်ရွက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## မော်လမြိုင်မြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၁၅

မော်လမြိုင်မြို့၌ (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် သတင်းစကားလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ အမှတ် (၆)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က အမျိုးသားနေ့ဆောင်ပုဒ်များ၊ ဦးတည်ချက်များ၊ အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းနှင့် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ ထာဝရရှင်သန်ထက်မြက်စေရေး အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများသို့ စောင်ရေ ၁၅၀ ဖြန့်ဝေခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်အား ပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# ဖိလစ်ပိုင်နိုင်ငံသို့ ယခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ခရီးသွား နှစ်သန်းကျော် ဝင်ရောက်

**မနီလာ နိုဝင်ဘာ ၁၅**

ဖိလစ်ပိုင်နိုင်ငံသို့ ယခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း ခရီးသွားနှစ်သန်းကျော် ဝင်ရောက်ခဲ့ကြောင်းနှင့် ယင်းသို့ခရီးသွားဝင်ရောက်မှုကြောင့် အမေရိကန် ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံ ဝင်ငွေရရှိခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ္စတီးယားဖရက်စ်ကိုက နိုဝင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီလမှစတင်ကာ နိုဝင်ဘာ ၁၄ ရက်အထိ ကာလအတွင်း ခရီးသွားအရေအတွက် ၂၀၂၅၄၂၀ ဦး ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအတွင်း ခရီးသွားဝင်ရောက်မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၆ ဘီလီယံ (ပီဆို ၁၀၀ ဒသမ ၇ ဘီလီယံ)ဝင်ငွေရရှိခဲ့ပြီး ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၈၆ သန်းနီးပါး တိုးမြင့်ရရှိခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်ခဲ့သည့် ခရီးသွားအများစုမှာ အမေရိကန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ကနေဒါနှင့် ဗြိတိန်နိုင်ငံတို့မှ ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနသည် ၂၀၂၂ ခုနှစ်ကုန်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံသို့ ခရီးသွား ၂ ဒသမ ၄ သန်းခန့် ဝင်ရောက်ရန် မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**





# ဗီယက်နမ်နိုင်ငံ၌ နိုင်ငံသား ငါးသန်းခန့် ဆီးချိုရောဂါ ခံစားနေရ

**ဟနွိုင်း နိုဝင်ဘာ ၁၅**

ဗီယက်နမ်နိုင်ငံ၌ အရွယ်ရောက်ပြီးသူ လူဦးရေ၏ ခုနစ်ရာခိုင်နှုန်းဖြစ်သည့် နိုင်ငံသား ငါးသန်းခန့်မှာ ဆီးချိုရောဂါခံစားနေရကြောင်း၊ ထိုကဲ့သို့ ဆီးချိုရောဂါဖြစ်ပွားရခြင်းမှာ နေထိုင်စားသောက်မှုပုံစံမမှန်ကန်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့ ဖြစ်ကြောင်းစစ်တမ်းတစ်ရပ်ကို ကိုးကား၍ ဒေသခံမီဒီယာများက ပြောကြားသည်။

၂၀၂၁ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့်စစ်တမ်းအရ ဆီးချိုဝေဒနာရှင်များ၏ ၅၅ ရာခိုင်နှုန်းသည် ရောဂါဖြစ်ပွားမှုပြင်းထန်လျက်ရှိပြီး ၎င်းတို့အနက်မှ ၃၄ ရာခိုင်နှုန်းသည် နှလုံးသွေးကြောကျဉ်းရောဂါ၊ ၃၉ ဒသမ ၅ ရာခိုင်နှုန်းမှာ အာရုံကြောဆိုင်ရာရောဂါနှင့် ၂၄ ရာခိုင်နှုန်းမှာ ကျောက်ကပ်ရောဂါများ ခံစားနေရကြောင်း ဒေသခံသတင်းစာ Vietnam News ၏ ပြောကြားချက်အရ သိရသည်။

လာမည့်နှစ်များအတွင်းကမ္ဘာတစ်ဝန်းနှင့် ဗီယက်နမ်နိုင်ငံတို့တွင် ဆီးချိုရောဂါဝေဒနာရှင်များ များပြားလာနိုင်ကြောင်း ဗီယက်နမ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ငုယင်သီလမ်ဟောင်၏ ပြောကြားချက်ကို ကိုးကား၍ အဆိုပါသတင်းစာက ပြောကြားသည်။

နိုင်ငံအတွင်းလက်ရှိအချိန်တွင် အသင့်စားအစားအသောက်များနှင့် သကြားဓာတ်ပါဝင်သည့်အစားအစာများ စားသောက်မှုများပြားခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းတို့သည် ဆီးချိုရောဂါဖြစ်ပွားသူများပြားလာခြင်း၏ အကြောင်းရင်းခံဖြစ်သည်ဟု ပညာရှင်များက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံ၏ စက်မှုထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ခဲ့

**ပေကျင်း နိုဝင်ဘာ ၁၅**

တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာဆိုင်ရာ ကုန်ပစ္စည်းထုတ်လုပ်သည့်ကဏ္ဍသည် ပြောင်မြောက်သည့်စွမ်းရည်များ အသုံးပြုပြီး ကုန်ပစ္စည်းထုတ်လုပ်မှု မြှင့်တင်နိုင်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

**ပြောကြား**

နိုင်ငံအတွင်းရှိ စက်မှုထုတ်ကုန်ကဏ္ဍ၏ ထုတ်လုပ်မှုမှာ နှစ်အလိုက် တိုးတက်မှုရှိခဲ့ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုက ပြောကြားသည်။

တရုတ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ အသင့်အတင့်ရှိနေသော်လည်း စီးပွားရေး ပြည်လည်နာလန်ထမှုမှာ မူလအတိုင်း အရှိန်အဟုန်မှန်ကန်စွာလည်ပတ်နေကြောင်း ၎င်းဗျူရိုက ပြောကြားသည်။

ပြီးခဲ့သည့်လအတွင်းတွင် သတ္တုတူးဖော်မှုကဏ္ဍမှ လုပ်ငန်းတိုးတက်မှု လေးရာခိုင်နှုန်းနှင့် အဆင့်မြင့်နည်းပညာဆိုင်ရာထုတ်ကုန်ထုတ်လုပ်မှု ၁၀ ဒသမ ၆ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရသည်။

ထို့ပြင် နိုင်ငံအတွင်း မော်တော်ယာဉ်ထုတ်လုပ်မှုမှာ ၁၈ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး လျှပ်စစ်နှင့် စက်ပစ္စည်းကိရိယာထုတ်လုပ်မှုမှာ ၁၆ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် ကုန်ထုတ်စွမ်းအားကို မြှင့်တင်လျက်ရှိပြီး ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းများ ပိုမိုတောင့်တင်း ခိုင်မာလာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# လုပ်သားအင်အား ၁၀၀၀၀ ခန့်ကို လုပ်ငန်းမှ အနားပေးသွားမည်ဟု အမေဇုန်နည်းပညာကုမ္ပဏီ ပြောကြား

**နယူးယောက် နိုဝင်ဘာ ၁၅**

အမေဇုန် နည်းပညာကုမ္ပဏီသည် လုပ်သားအင်အား ၁၀၀၀၀ ခန့်ကို လုပ်ငန်းမှ အနားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လုပ်သားအင်အားလျှော့ချရာတွင် အဓိကအားဖြင့် အမေဇုန်ကုမ္ပဏီ၏လုပ်ငန်းခွဲဖြစ်သည့် the Alexa voice assistant အပါအဝင် ကုမ္ပဏီ၏လက်လီအရောင်းဆိုင်များနှင့် လူသားအရင်းအမြစ်ဆိုင်ရာဌာနခွဲများမှ လုပ်သားများကို လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ လုပ်သားအင်အားလျှော့ချမှုကို ယခုသီတင်းပတ်အတွင်း ဆောင်ရွက်သွားမည်ဟု The New York Times သတင်းစာက ပြောကြားသည်။

ထို့ပြင် လာမည့်လများမှစတင်၍ လုပ်သားငှားရမ်းမှုများကိုလည်း ပြုလုပ်မည်မဟုတ်ကြောင်း အမေဇုန်က ပြောကြားသည်။ အမေဇုန်ကုမ္ပဏီသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း အွန်လိုင်းမှ ကုန်ပစ္စည်းများရောင်းချမှု မြင့်တက်လာခြင်းကြောင့် လုပ်သားအင်အားအများအပြား ထပ်မံခန့်ထားခဲ့သည်။

သို့ရာတွင် အမေရိကန်နိုင်ငံ၌ လက်ရှိအချိန်တွင် စီးပွားရေးကျဆင်းလာမှုကြောင့် ကုန်ကျစရိတ်များ ကာမိစေရန်အတွက် ယခုကဲ့သို့ နည်းပညာကုမ္ပဏီများက လုပ်သားအင်အားလျှော့ချခြင်းများ ပြုလုပ်လာကြကြောင်း သိရသည်။

ယခုလအတွင်း ဖေ့စ်ဘွတ်၏ လုပ်ငန်းခွဲဖြစ်သည့် မီတာနည်းပညာကုမ္ပဏီက လုပ်သားအင်အား ၁၁၀၀၀ ကို လုပ်ငန်းမှ အနားပေးခဲ့ပြီး တွစ်တာနည်းပညာကုမ္ပဏီကလည်း လုပ်သားအင်အားထက်ဝက်ကို အလုပ်မှ အနားပေးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**






# ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကျဆင်း

**ဆိုးလ် နိုဝင်ဘာ ၁၅**

တောင်ကိုရီးယားနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ယခုနှစ်အတွင်း ကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း တောင်ကိုရီးယားစာရင်းအင်းရုံးက နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

**သုံးရာခိုင်နှုန်း ကျဆင်း**

တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ဆန်စပါးတန်ချိန်စုစုပေါင်း ၃၇၆၄၀၀၀ ထုတ်လုပ်နိုင်ခဲ့ပြီး ယမန်နှစ်ကထက် သုံးရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တောင်ကိုရီးယား စာရင်းအင်းရုံးက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကာလအတွင်းကလည်း ငါးနှစ်ဆက်တိုက် ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုကျဆင်းရခြင်းသည် နေသာသောနေ့ ရှားပါးခြင်းနှင့် တိုင်ဖွန်းမုန်တိုင်း ဟင်နမ်နော၏ ဆိုးကျိုးသက်ရောက်မှုများကြောင့်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ဆန်စပါးစိုက်ခင်း ၇၂၇၀၅၄ ဟက်တာအထိ ကျဆင်းခဲ့ခြင်းကြောင့် ဆန်စပါးထုတ်လုပ်မှုသည်လည်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်နှင့် ရွှေဘိုမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများပေးအပ်




**နေပြည်တော် နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မော်တော်ကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထိုက်နှင့် အဖွဲ့ဝင်များက မော်တော်ကျေးရွာသို့ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် ဝန်ကြီးချုပ်က ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာ ၁၅ ရွာအတွက် နေကြာသီးနှံမျိုးစေ့ဖိုး ငွေကျပ် ၇၅ သိန်းနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တိုင်းမှူးက မော်တော်ကျေးရွာ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအတွက် ဆန်အိတ် ၃၀၊ ဆီပိသ္သာ ၅၀ နှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ မော်တော်ကျေးရွာ ပြည်သူ့စစ်ခေါင်းဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေကျပ် ၁၀ သိန်းနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကန့်ဘလူမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို ကန့်ဘလူမြို့ရှိ ရွှေဆည်မြိုင်အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာ ၄၃ ရွာအတွက် နေကြာသီးနှံမျိုးစေ့ဖိုးငွေကျပ် ၂၁၅ သိန်း၊ ယူနီဖောင်းများ၊ ဆန်အိတ် ၅၀၊ ဆီဘူး ၃၀၊ ဆားအိတ် ၅၀၊ ပဲအိတ် ၅၀ နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို ရွှေဘိုမြို့ တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံ၍ ရွှေဘိုမြို့အတွင်းရှိ ကျေးရွာ ၁၆ ရွာအတွက် နေကြာသီးနှံမျိုးစေ့ဖိုး ငွေကျပ်သိန်း ၈၀၊ ယူနီဖောင်းများ၊ ဆန်အိတ် ၂၀၊ ဆီ ၁၀ ပုံး၊ ကြက်ဥအလုံး ၁၂၀၀၊ ခေါက်ဆွဲခြောက် ၁၅ ဖာနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များ ၎င်း၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်း၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ယနေ့မွန်းလွဲပိုင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် စီမံအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကိုပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကလောတပ်နယ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသား တစ်ဦးကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေကာ ၎င်း၏ မိဘအုပ်ထိန်းသူထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အနော်ရထာခန်းမ၌ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်စဉ်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အနော်ရထာခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်း၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသားတစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ မဟာအောင်မြေမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသား သုံးဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသမီးတစ်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသားတစ်ဦး စုစုပေါင်း PDF အဖွဲ့ဝင် အမျိုးသားခြောက်ဦး၊ အမျိုးသမီးနှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်နေ ရဲနိုင်ဦး(ခ) မိုဟာမက်ဘေလာသည် ၎င်းအသုံးပြုသည့် “Ye Naing Oo” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

# မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက်၌ PDF အမည်ခံအကြမ်းဖက်သမားများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၅

နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားမှုမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် စစ်ဆေးရှာဖွေမှုများနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် နိုဝင်ဘာ ၁၄ ရက် နံနက် ၅ နာရီခွဲခန့်တွင် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ကဒါရဲကင်းစခန်း၏ အရှေ့ဘက် မီတာ ၃၀၀ ခန့်အကွာ၌ စောင့်ဆိုင်းနေစဉ် ချောင်းနှစ်ခွ-မုဒုံလမ်းအတိုင်း မသင်္ကာဖွယ်အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးအား တားဆီးရပ်တန့်စေခဲ့ရာ ရပ်တန့်ခြင်းမရှိဘဲ မုဒုံဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ဖမ်းဆီးခဲ့ရာ မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက်အမှတ်(၁၀)နေ ညဏ်ထက်ကို(၂၁)နှစ်နှင့် မော်လမြိုင်မြို့ ဘင်လှိုင်ရပ်ကွက်နေ စည်သူဖြိုး (၂၂)နှစ်တို့အား ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ PDF အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သည့် စာရွက်စာတမ်းများ၊ ၎င်းတို့ ကိုင်ဆောင်သည့် ဖုန်းများအတွင်းမှ PDF အကြမ်းဖက်သင်တန်း တက်ရောက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများအား တွေ့ရှိခဲ့ရသည်။

ဖမ်းဆီးရမိသူများအား ထပ်မံစစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့နှင့် ဆက်စပ်သည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင်များသည် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် မော်လမြိုင်မြို့ ဇေယျာသီရိရပ်ကွက် ဇေယျာ(၃)လမ်းရှိ အငှားတိုက်ခန်းတွင် ရောက်ရှိလျက်ရှိကြောင်း သိရှိရသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရန် သွားရောက်ခဲ့ရာ ညနေ ၄ နာရီ မိနစ် ၂၀ ခန့်တွင် အဆိုပါတိုက်ခန်း၏ အရှေ့သို့ ရောက်ရှိစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ရမ်းသမ်းပစ်ခတ်ခဲ့သဖြင့် မော်လမြိုင်မြို့ ဝေ့ကုန်းရပ်ကွက်နေ ဦးကျော်မိုး (၃၁)နှစ်နှင့် ဇေယျာသီရိရပ်ကွက်နေ ဦးဟိန်းကိုဦး (၃၂)နှစ်တို့တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

၎င်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းလျက်ရှိသည့် အဆောက်အအုံအား ဝိုင်းပတ်ပိတ်ဆို့ထားရှိပြီး ဇေယျာ(၃)လမ်းရှိ လူနေအိမ်များမှ အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိစေရေးအတွက် ဘေးလွတ်ကင်းသည့် နေရာသို့ ရွှေ့ပြောင်းမှုများ ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် PDF အမည်ခံ အကြမ်းဖက်သမားများအား လက်နက်ချအညံ့ခံရန် ပြောဆိုခဲ့ရာ လက်နက်ချခြင်းမရှိဘဲ လက်နက်ငယ်များ၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်၍ ဝင်ရောက်ဖမ်းဆီးခဲ့ရာ ည ၇ နာရီ ၂၅ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများဖြစ်သည့် မော်လမြိုင်မြို့ လှိုင်ရပ်ကွက်နေ သန့်ဇင်လင်း (ခ)မျက်နှာမဲ (၁၈)နှစ်၊ ကျိုက်မရောမြို့ ရှင်စောပုရပ်ကွက်နေ ဇော်ထက်အောင်(ခ) ဆံရှည်အသက်(၃၀)နှစ်၊ မော်လမြိုင်မြို့ လှိုင်ရပ်ကွက်နေ ကျော်သက်ဦး (၂၂)နှစ်၊ ဖြိုးကိုအောင်(၂၃)နှစ်၊ ထက်အောင်(ခ)သခေါ အသက်(၂၀)နှင့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နေ နှင်းကလျာ(ခ)ပိုးလေး(၁၆)နှစ်တို့အား တူရကီယဲနိုင်ငံထုတ် Zoraki အမျိုးအစား ပစ္စတိုသေနတ်နှစ်လက်၊ ချက်စ်နိုင်ငံထုတ် CZ အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ၉ မမကျည် ၅၂ တောင့်၊ ပစ္စတိုကျည်အိမ် သုံးခု၊ ယမ်းဘူး ငါးဘူး၊ ဒေသန္တရလက်လုပ်မိုင်း ကိုးလုံး၊ ပစ္စတိုအပစ်လက်ကိုင်တစ်ခု၊ လက်ကိုင်ဖုန်းသုံးလုံး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်တွင် ဒဏ်ရာရရှိခဲ့သည့် ဖမ်းဆီးရမိ PDF အမည်ခံအကြမ်းဖက်သမား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦးနှင့် အပြစ်မဲ့ပြည်သူ အမျိုးသားနှစ်ဦးတို့အား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ဆေးကုသမှုခံယူစေလျက်ရှိသည်။ အဆိုပါဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူ နှစ်ဦးအနက် ဦးဟိန်းကိုဦး (၃၂) နှစ်သည် ဆေးကုသမှုခံယူနေစဉ်အတွင်း ရရှိဒဏ်ရာများဖြင့် ည ၈ နာရီခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိ PDF အမည်ခံအကြမ်းဖက်သမားများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်သူများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများ ရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ကြောင်းနှင့် မြို့/ရွာများ အမြန်ဆုံးတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

**သတင်းစဉ်**




လုံခြုံရေးတပ်ဖွဲ့ဝင်များက သတင်းအရစောင့်ဆိုင်းနေစဉ် ချောင်းနှစ်ခွ-မုဒုံ လမ်းကြောင်းအတိုင်း မသင်္ကာဖွယ်ရာ မောင်းနှင်လာသည့်အကြမ်းဖက်သမား အမျိုးသားနှစ်ဦးအား ဖမ်းဆီးခဲ့သည့် ဖြစ်စဉ်နေရာပြ မြေပုံ။



PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



PDF အမည်ခံအကြမ်းဖက်သမားများ နေထိုင်ခဲ့သည့် ငါးခန်းတွဲ အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

## ရွှေကူမြို့နယ် စီသော်ကျေးရွာအတွင်းရှိ နေအိမ်များအား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၁၅

ကချင်ပြည်နယ် ရွှေကူမြို့နယ် စီသော်ကျေးရွာအတွင်းရှိ နေအိမ်များအား KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက နိုဝင်ဘာ ၁၃ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကူမြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် စီသော်ကျေးရွာအနီးသို့ ရောက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏ မြောက်ဘက်နှင့် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့ဆုတ်ခွာရာ လမ်းတစ်လျှောက်ရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးသွားခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း နေအိမ် ၁၅ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



စိုင်းမောင်ထွန်း(ခ) မောင်ထွန်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၅

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၃ နာရီတွင် ဘားအံမြို့နယ် ကော့ခမိတ်ကျေးရွာအနီး ဘားအံ-အိန္ဒူသွားကားလမ်းတွင် ထွန်းမြတ်ဝင်း(ခ)ဂျိုကာ မောင်းနှင်ပြီး ကျော်ရာဇာမင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၇၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ည ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ငဖဲမြို့နယ် ပဒါန်းကျေးရွာရှိပဒါန်း (ပျဉ်းဝ)ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် HYUNDAI အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ နှင့် ငွေကျပ် ၂၄ ဒသမ ၆၅ သိန်းကိုလည်းကောင်း။ ထို့အတူ ယင်းနေ့နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် KING LONG အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၁ ကီလို ကိုလည်းကောင်း။

အလားတူ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် ညနေ ၄ နာရီတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် စိုင်းမောင်ထွန်း(ခ)မောင်ထွန်း မောင်းနှင်လာသည့် SUPER CUSTOM အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၁၀ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၃၀ | ၂၁၁၅ | ၂၀၉၅ | ၂၁၈၅ | ၂၂၀၀ | ၂၁၀၀ | ၂၁၁၀ | ၂၁၄၅ | ၂၁၄၅ | ၂၁၄၅ | ၂၃၆၅ | ၂၉၂၀ |
| 95 Ron | ၂၁၈၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၉၅ | ၂၂၃၀ | ၂၂၅၅ | ၂၂၄၀ | ၂၂၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၂၂၅ | ၂၂၄၀ | ၂၂၆၅ | ၂၂၇၀ | ၂၂၇၀ | ၂၄၉၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၀ | ၂၆၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၆၂၅ | ၂၇၄၀ | ၂၇၃၅ | ၂၆၃၀ | ၂၆၄၀ | ၂၆၇၅ | ၂၆၇၅ | ၂၆၈၀ | ၂၈၉၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၀ | ၃၆၆၅ |
| HSD (10 ppm) | ၂၆၇၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၁၅ | ၂၇၃၅ | ၂၇၃၀ | ၂၇၀၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၅၀ | ၂၇၅၀ | ၂၇၅၅ | ၂၉၇၀ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၂ | ၂၀၃၄ |
| 95 Ron | ၂၀၈၂ | ၂၁၅၇ |
| HSD (500 ppm) | ၂၄၇၈ | ၂၅၅၇ |
| HSD (50 ppm) | ၂၅၅၀ | ၂၆၃၁ |
| HSD (10 ppm) | ၂၅၅၀ | ၂၆၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

❒ အမျိုးသမီးလိဂ်ပြိုင်ပွဲမှ

ဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်နိုင်ရန် အမှားအယွင်းမရှိ နိုင်ပွဲယူခဲ့ပြီး ဂိုးပြတ်ရလဒ်ပါရရှိခဲ့သည်။ တနင်္သာရီအသင်းသည် သစ္စာအားမာန်ကို အကောင်းဆုံးတုံ့ပြန်ခဲ့ပြီး ပထမပိုင်းတွင် သုံးဂိုးသာပေးခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ခုနစ်ဂိုးအထိ ပေးခဲ့ရသဖြင့် ဂိုးပြတ်သွားခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် ဂိုးများကို ၇၊ ၈၆ မိနစ်တွင် ဂျူလိုင်ကျော်၊ ၁၄ မိနစ်တွင် ခင်မိုမိုထွန်း၊ ၄၁၊ ၅၉၊ ၆၂၊ ၆၉၊ ၇၃၊ ၉၀+၂ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၇၁ မိနစ်တွင် ယွန်းဝဒီတို့က သွင်းယူခဲ့သည်။

ဗဟန်းမြက်ခင်းတုကွင်း၌ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက YREO အသင်းကို ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ ဇယားထိပ်ဆုံးမှ သစ္စာအားမာန်အသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ YREO အသင်းသည် သုံးဂိုးပြတ်အရှုံးမှ သုံးဂိုး-နှစ်ဂိုးအထိ လိုက်ကစားနိုင်သော်လည်း လက်ကျန်မိနစ် ၂၀ တွင် နှစ်ဂိုးထပ်ပေးခဲ့ရသဖြင့် ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် ဂိုးများကို ၄၉၊ ၇၆၊ ၈၆ မိနစ်တွင် လင်းမြင့်မိုရ်၊ မိနစ် ၆၀ တွင် ရွှေရည်ထွန်းတို့က သွင်းယူခဲ့ကာ ကျန်တစ်ဂိုးမှာမူ ၁၆ မိနစ်တွင် YREO အသင်းမှ အေးအေးထွေး ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ YREO အသင်းအတွက် ချေပဂိုးများကို ၆၇ မိနစ်တွင် ဆွေမာအောင်၊ မိနစ် ၇၀ တွင် ဇင်မိုးပြည့်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၁၁) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် မြဝတီအသင်းနှင့် အား/ကာဦးစီးဌာနအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MWL**

## နောက်ဆုံးပွဲတွင် ရန်ကုန်နှင့် ရောဝတီ သရေကျ

**ရန်ကုန် နိုဝင်ဘာ ၁၅**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ရွှေ့ဆိုင်းထားသော ပွဲစဉ် (၁၃) တတိယနေ့အဖြစ် ရန်ကုန်အသင်းနှင့် ရောဝတီအသင်းတို့ နိုဝင်ဘာ ၁၅ ရက်က သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့သည်။

**လူစုံအသုံးပြု**

ရန်ကုန်အသင်းသည် အဆင့်ရပ်တည်မှုအပြောင်းအလဲ မရှိသော်လည်း ကျော်မင်းဦး၊ ဒေးဗစ်ထန်၊ ဝင်းနိုင်ထွန်း၊ ရန်နိုင်ဦး၊ ဆန်းဆက်နိုင်(ဂိုး)တို့ဖြင့် လူစုံအသုံးပြုခဲ့ပြီး ရောဝတီအသင်းမှာမူ ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ကာ ရန်ကျော်ထွေး၊ ကောင်းမြတ်သူ၊ ဇော်လင်းတို့ကို လူစားလဲအသုံးပြုခဲ့သည်။ ခြေစွမ်းပိုင်းအရ ကွာခြားမှုမရှိသလို ဂိုးသွင်းခွင့်များ ရခဲ့သော်လည်း အသုံးမချနိုင်သဖြင့် ဂိုးမရှိသရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ နှစ်သင်းစလုံး ကစားသမားများအပြောင်းအလဲပြုလုပ်ခဲ့သော်လည်း ဂိုးရအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့သဖြင့် တစ်မှတ်စီခွဲယူခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

## ၂၀၂၂ မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ(ပြင်ဦးလွင်ပွဲစဉ်) ဒုတိယနေ့ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က စီစဉ်၍ Mytel Operator၊ မြဝတီဘဏ်လီမိတက်နှင့် အင်းဝဘဏ်လီမိတက်တို့က အဓိကကူညီပံ့ပိုးသည့် ၂၀၂၂ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပြင်ဦးလွင်ပွဲစဉ်) ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ချယ်ရီလွင် တပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပသည်။




ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲတွင် ဦးဆောင်နေသည့် လွင်မိုး။

နိုဝင်ဘာ ၁၄ ရက်က ကျင်းပသည့် ပြိုင်ပွဲပထမနေ့အပြီးတွင် ပညာရှင်အဆင့် ပြိုင်ပွဲ၌ သိန်းနိုင်စိုး (HAN Golf Academy)က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ ပထမ၊ ရာဇာ (NPTDC)က သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်၍ ဒုတိယ၊ မျိုးဝင်းအောင် (PRGR) နှင့် ရန်မျိုးအေး (Yangon Golf Store)တို့က သတ်မှတ်ရိုက်ချက်ဖြစ်သည့် ၇၂ ချက်စီရိုက်ကာ တတိယနေရာ၊ ဝါသနာရှင်အဆင့် (အမျိုးသား) ပြိုင်ပွဲတွင် လှိုင်မြင့်ဇော်က သတ်မှတ် ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ကာ ပထမ၊ လှိုင်မင်းထက်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်ပိုရိုက်ကာ ဒုတိယ၊ ချစ်ရင်ထူးက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်ပိုရိုက်ကာ တတိယနေရာတို့တွင် ရပ်တည်ခဲ့သည်။

ပြိုင်ပွဲဒုတိယနေ့ကို နိုဝင်ဘာ ၁၅ ရက်က ဆက်လက်ကျင်းပရာ ပညာရှင်အဆင့်ပြိုင်ပွဲတွင် သိန်းနိုင်စိုး (HAN Golf Academy) က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၁ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ ပထမ၊ သိန်းဇော်မြင့် (Taylormade)က နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၂ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်၍ ဒုတိယ၊ မျိုးဝင်းအောင်(PRGR)က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၃ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျော့ရိုက်ကာ တတိယနေရာတွင်လည်းကောင်း၊ ဝါသနာရှင်အဆင့် (အမျိုးသား) ပြိုင်ပွဲတွင် လွင်မိုးက နှစ်ရက်ပေါင်း ရိုက်ချက် ၁၄၄ ချက်ဖြင့် သတ်မှတ်ရိုက်ချက် အတိုင်းရိုက်ကာ ပထမ၊ ဇော်ဇော်ထွန်းက နှစ်ရက်ပေါင်းရိုက်ချက် ၁၄၅ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် တစ်ချက်ပိုရိုက်ကာ ဒုတိယ၊ လှိုင်မြင့်ဇော်က နှစ်ရက်ပေါင်းရိုက်ချက် ၁၄၈ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် လေးချက်ပိုရိုက်ကာ တတိယ၊ ဝါသနာရှင်အဆင့် (အမျိုးသမီး) ပြိုင်ပွဲတွင် မိုးပြည့်စုံခင်က သတ်မှတ်ရိုက်ချက် ၇၂ ချက်ဖြင့် ပထမ၊ တုန်ရန်ကြီးက ၇၉ ချက်ဖြင့် ဒုတိယ၊ ကျန်ယုံလင့်က ၈၁ ချက်ဖြင့် တတိယတွင်လည်းကောင်း အသီးသီးရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲတတိယနေ့ကို နိုဝင်ဘာ ၁၆ ရက်တွင် ပြင်ဦးလွင်မြို့ ချယ်ရီလွင် တပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MGF**

**ကျန်းမာဖို့အရေး လမ်းလျှောက်ပေး**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၄-၁၁-၂၀၂၂ ရက်မှအဆက်

"လာ .. သွားမယ်၊ အချိန်မရှိဘူး ...ထ"

ဘလှသန်းထွန်းက မော်၏လက်မောင်းတစ်ဖက်ကို ဆွဲကိုင်လိုက်ရင်း ခပ်တည်တည်မေးလိုက်သည်။

"ဘာလဲ ဦးခင်မောင်ကြည်က မလာနိုင်ဘူးတဲ့လား"

"စကားမရှည်စမ်းနဲ့ ဂျော်နီ၊ သွားမယ်ဆို သွားမယ်"

ဘလှသန်းထွန်းသည် မော်ဆွဲရာသို့ ပါသွားတော့သည်။ မော်သည် ဘလှသန်းထွန်းကားကို ကိုယ်တိုင်မောင်း၍သွားလေသည်။ ဘလှသန်းထွန်းက မော်လုပ်သမျှ ဘာတစ်ခွန်းမှမပြောဘဲ ပြုံး၍လိုက်လာသည်။

မော်သည် ကားကို အရှိန်ပြင်းပြင်း မောင်းလိုက်သည်။ လမ်းကွေ့များတွင် နောက်ဘီးမှ ကျွီခနဲမြည်သံကို ကြားလိုက်ရသည်။ ကားပေါ်မှ နှစ်ယောက်စလုံးမှာ ယိမ်းကသလို ဘယ်ညာယိမ်း၍သွားသည်။ ရှေ့ကားကို ကျော်တက်လိုက်သည့်အခါ တစ်ဖက်မှလာနေသောကားနှင့် ခေါင်းချင်းတွေ့ပြီးသားဖြစ်၍သွားသည်။ တစ်ဖက်ကားက အလျှော့ပေး၍ လမ်းဘေးသို့ ရှောင်၍ပေးသည့်တိုင်အောင် ပွတ်ကာသီကာလွတ်၍သွားသည်။

အမှန်၌ မော်မောင်းပုံမှာ စိုးရိမ်စရာကောင်းလှသည်။ သို့သော် ဘလှသန်းထွန်းကမူ မော့်ကို ယုံကြည်စိတ်ချ၍လားမသိ၊ ဘေးမှ လေကလေးချွန်၍ လိုက်လာသည်။

မစ္စတာရှားမားခြံထဲသို့ ရောက်သောအခါ ကားကို တစ်ရှိန်ထိုး ဘရိတ်အုပ်၍ ရပ်လိုက်သည်။ အားလုံးကပင် မော်တော်ကားကို လှည့်၍ကြည့်လိုက်မိသည်။ ပါတီတွင် လူအများ အတော်စုံစုံရောက်နှင့်နေလေပြီ။ မော်သည် ဘလှသန်းထွန်း၏ လက်တစ်ဖက်ကိုတွဲ၍ ခပ်ကြော့ကြော့ ဝင်၍သွားသည်။ မစ္စတာရှားမားက အပေါက်ဝမှဆီး၍နှုတ်ဆက်ရင်း နေရာချပေးလိုက်သည်။ စားပွဲတွင် ထိုင်လိုက်သော်လည်း မျက်လုံးများမှာ တစ်စုံတစ်ယောက်ကို ရှာနေမိသည်။

ဘလှသန်းထွန်းက စားစရာသောက်စရာများ မှာလိုက်သည်။ မော့်အတွက် ခါတိုင်းလိုပင် ဝိုင်ကိုမှာလိုက်သည်။

မော်သည် အသင့်ချလိုက်သောဝိုင်ကို တစ်ချက်တည်းမော့၍ သောက်လိုက်ပြီးလျှင် ဝီစကီကို ထပ်၍မှာလိုက်သည်။

ဘလှသန်းထွန်းသည် မော့်ကိုကြည့်၍ နားမလည်နိုင်အောင် ရှိတော့သည်။

"ဟေ့ ... မော်၊ ဘာဖြစ်တာလဲ၊ တော်တော်ကြာ အရင်တစ်ခါတုန်းကလို သိပ်မူးနေဦးမယ်"

"ကိစ္စမရှိပါဘူး၊ မော်မူးရင် ဂျော်နီ့အတွက် အမြတ်ကြီးပေါ့"

မော်သည် ပြောပြောဆိုဆိုပင် တစ်ကျိုက်ချင်း မော့၍သောက်နေပြန်သည်။ ဘလှသန်းထွန်းသည် မော့်ကို ကြောက်ချင်သလိုဖြစ်မိသည်။

မော်သည် ဖန်ခွက်နှုတ်ခမ်းကို မေးဖျားကလေးဖြင့်ပွတ်ရင်း စားပွဲများကို လျှောက်၍ကြည့်နေမိသည်။ ဘလှသန်းထွန်းက မော့်ကို စိုက်ကြည့်နေရင်း သူ့စိတ်ထဲတွင်ရှိသည့်အတိုင်း ပြောချလိုက်သည်။

"ကိုယ်ပြောတာ တစ်ခုနားထောင်စမ်းပါ။ ရှေ့နှစ်ထဲမှာ ကိုယ်တို့ လက်ထပ်ကြရအောင်။ ရှေ့နှစ်ဆိုရင် ကိုယ်အလုပ်ဝင်နိုင်ပြီ။ ကျူတာလုပ် အမ်အေတက်မယ်။ ဒီတော့ ခုနွေကျောင်းပိတ်ရက်မှာ မော်နဲ့ကိုယ်နဲ့ အင်ဂေ့ရှ်လုပ်ရအောင်ကွာ ... နော်။ မော် ကိုယ်ပြောတာ နားထောင်စမ်းပါ"

မော်သည် ဘလှသန်းထွန်းပြောစကားကို လုံးဝစိတ်မဝင်စားနိုင်ပေ။

ဘေးစားပွဲများကိုသာ လှည့်၍ကြည့်နေမိသည်။ ဘလှသန်းထွန်းက မော့်လက်တစ်ဖက်ကိုညှစ်၍ဆုပ်လိုက်မိသည်။

"ကိုယ်ပြောတာ နားထောင်စမ်းပါ။ မော်လည်း စာသင်မပျက်ပါဘူး။ ကိုယ်တို့ကိစ္စ လူတိုင်းသိနေတာပဲ။ စေ့စပ်ထားရင်ကောင်းမယ်။ ဒါမှ လွတ်လွတ်လပ်လပ် သွားနိုင်တာပေ့ါ"

မော်သည် ခြောက်ကပ်ကပ်ရယ်လိုက်ရင်း အရက်ကို တစ်ချက်မော့လိုက်သည်။

စီးကရက်တစ်လိပ်ကို မီးညှိ၍ ဖွာလိုက်ပြီးလျှင် ဘလှသန်းထွန်းဘက်သို့ ကမ်းပေးလိုက်သည်။

ပြီးမှ စီးကရက်သောက်နေစမ်းပါ ဂျော်နီ။ ကနေ့ည မော် ဘာမှစိတ်မဝင်စားဘူး"

ဘလှသန်းထွန်းသည် မော့်အမိန့်ကို မလွန်ဆန်နိုင်သကဲ့သို့ အရက်ကို တစ်ချက်မျှ မော့လိုက်ရင်း စီးကရက်ကို ဖွာလိုက်သည်။

မော်သည် ဘေးစားပွဲများကိုကြည့်နေရင်းမှ ထောင့်တစ်နေရာတွင် သူတွေ့လိုသော ကိုခင်မောင်ကြည်ကို လှမ်း၍မြင်လိုက်သည်။ မြင်လျှင်မြင်ချင်းပင် နေရာမှထကာ ကိုခင်မောင်ကြည်တို့ရှိရာ လျှောက်ခဲ့သည်။

ကိုခင်မောင်ကြည် သူ့ဆီသို့ တန်းတန်းမတ်မတ်လာနေသော မော့်ကို ကြည့်ရင်း မျက်စိမျက်နှာမလှ ဖြစ်နေတော့သည်။

မော်သည် ကိုခင်မောင်ကြည်စားပွဲပေါ် ဘေးတွင် ခါးထောက်ရပ်လိုက်သည်။

ကိုခင်မောင်ကြည်၏ ဘေးတွင်ကားချောမောတောင့်တင်းလှသော မိန်းမပျိုတစ်ယောက် ယှဉ်ထိုင်လျက်ရှိသည်။

ထိုမိန်းမပျိုက ကိုခင်မောင်ကြည်နှင့် မော့်ကို အကဲခတ်သလို တစ်လှည့်စီကြည့်လိုက်သည်။ ကိုခင်မောင်ကြည်သည် မော့်ကို မျက်နှာချိုသွေး၍ နှုတ်ဆက်လိုက်သည်။

"မော် ဘယ်တုန်းကရောက်လဲဟင်။ ကိုကိုကြည်တောင် မလာတော့ဘူးလို့ ထင်နေတာ။ ဟောဒီ ပက်ဂီကြိုင်နဲ့တွေ့လို့ ပါလာတာ"

မော်က တစ်ချက်မျှမဲ့လိုက်ပြီးလျှင် သရော်ဟန်ဖြင့် ရယ်လိုက်သည်။

ပြီးမှ ကိုခင်မောင်ကြည်ရှေ့တွင်ချထားသော အရက်ခွက်ကိုယူ၍ မော့လိုက်သည်။

ကိုခင်မောင်ကြည်သည် မော်၏ ကလေးဆန်လှသောအပြုအမူကြောင့် ပက်ဂီကြိုင်ကိုပင် အားနာသွားပုံရသည်။

"သူ မူးနေလို့ပါ။ ပက်ဂီ ... ခွင့်လွှတ်နော်"

"ဒါဟာ အမေရိကားကတတ်လာတဲ့ လိမ်နည်းညာနည်းတွေလား။ မော်က ကတိတည်မှကြိုက်တယ်။ မော့်ကိုချိန်းထားပြီး ဒီလိုအပေါက်မျိုးချိုးတာတော့ ရွံတယ်၊ မုန်းတယ်"

"ဟေ့ ... မော်၊ ဘာတွေလျှောက်ပြောနေတာလဲ။ ဒီမှာ ဧည့်သည်ကိုလည်း အားနာဦးမှပေ့ါ။ နေရာတကာ ကလေးဆန်လို့ ဘယ်ကောင်းမလဲ"

မော်သည် အရက်ခွက်ကို နှုတ်ခမ်းမှ ခွာလိုက်ရင်း ကိုခင်မောင်ကြည်ကို ဒေါသဖြင့် စိုက်၍ကြည့်လိုက်၏။

"ကလေးဆန်တယ်ပြောပြော၊ လူကြီးဆန်တယ်ပြောပြော မော်တို့က စိတ်ထဲရှိတဲ့အတိုင်းပဲ။ ဟန်မဆောင်တတ်ဘူး။ ဟိုတစ်မျိုး ဒီတစ်မျိုး ကြမ်းပိုးလို လိမ်တဲ့လူမျိုးကိုတော့ မုန်းတယ်"

"နောက်မှပြောကွာ မော်၊ ဒီနေရာမှာ လူတွေနဲ့ ဘယ်လောက်ရှက်စရာကောင်းသလဲ။ ယဉ်ကျေးမှုကို နားလည်မှပေ့ါ"

"နောက်လည်း ပြောစရာမလိုပါဘူး။ ကိုကိုကြည်လို လူလိမ်လူညာမျိုးကိုလည်း နောက် မဆက်ဆံတော့ဘူး။ မော်နားလည်တဲ့ ယဉ်ကျေးမှုဆိုတာ ရှင်လိုကြမ်းပိုးတွေအတွက် ဟောဒီလို ဆုံးမတာဟာ အယဉ်ကျေးဆုံးပဲ"

မော်သည် ကိုခင်မောင်ကြည်၏ မျက်နှာကို အရက်ခွက်ဖြင့် ပက်လိုက်သည်။

ဘေးစားပွဲမှလူများသည် ဝိုင်း၍ကြည့်ကြသည်။

တချို့မိန်းမများက အလန့်တကြားသံသေးသံကြောင်ဖြင့် အော်လိုက်သည်။

ကိုခင်မောင်ကြည်သည် ရှက်ရမ်းရမ်းတော့မည်ကဲ့သို့ မော့်ကို ရိုက်ရန်ပြင်လိုက်သည်။

ဘလှသန်းထွန်းက ကြားမှဝင်၍ ရပ်လိုက်သည်။ မစ္စတာရှားမားက ကိုခင်မောင်ကြည်ကို ဝင်၍ဆွဲလိုက်မှ ဘေးမှလူများ အုံ၍လာသည်။

ထိုအတွင်းမှာပင် လက်ခနဲလင်းလိုက်သောမီးရောင်ကြောင့် လူများ ရှုံ့သွားသည်။

"ဟေ့ ... ဘယ်သူလဲ ဓာတ်ပုံရိုက်တာ။ မစ္စတာရှားမား ... ဖလင်ကိုလုယူ။ မော် ... လာ သွားကြမယ်"

ဘလှသန်းထွန်းသည် ဤပွဲမျိုးတွင် ပါးနပ်သူဖြစ်သည်။ ဓာတ်ပုံရိုက်သည်ကို ရုတ်တရက် သိလျှင်သိချင်း မော့်ကိုဆွဲ၍ ကားဆီသို့ ပြေးတော့သည်။

ကားပေါ်သို့ မော့်အား တွန်းတင်လိုက်ရင်း စက်ကိုနှိုးကာ တစ်ဟုန်ထိုး မောင်းထွက်သွားတော့သည်။

မော်ကမူ ရှေ့နောက် ဘာကိုမျှစဉ်းစားဟန်မရှိ၊ သူလုပ်သမျှကို ကျေနပ်နေဟန်ရှိသည်။

"မော်ကကွာ ... ဘာမှမစဉ်းစားဘူး။ ဒီလိုနေရာမျိုးမှာ လုပ်ရတာမဟုတ်ဘူး။ တစ်ခါတည်း သတင်းစာထဲမှာပါလာမှာ။ အလိုလိုကမှ သတင်းစာတွေက ဒီကပွဲအကြောင်းကို မကောင်းဘူးလို့ အပြစ်ရှာနေတာ။ ခု မမြင်ဘူးလား။ တော်တော်ကြာ ဓာတ်ပုံနဲ့ပါလာရင် အရှက်ကွဲကုန်မှာ"

"အမယ် ... မော်က စဉ်းစားပြီးမှလုပ်တာ။ ကိုကိုကြည်နဲ့ ရန်ဖြစ်ချင်လို့ ဒီကိုလာတာ။ ခုတော့ ကျေနပ်သွားပြီ၊ ဒီလိုလူမျိုးကို ဒီလိုလုပ်ပေးမှ ... သိလား"

ဘလှသန်းထွန်းသည် မော့်ကို ဆက်၍မပြောချေ။ ဆက်ပြောလျှင်လည်း ရမည်မဟုတ်။

မော်၏ တစ်ယူသန် တစ်ဇွတ်ထိုးစိတ်ကို ဘလှသန်းထွန်းကိုယ်တိုင် နားလည်ပြီးဖြစ်သည်။

မော်က ခေါင်းတညိတ်ညိတ် သီချင်းတအေးအေးဖြင့် လိုက်လာရင်း ဘလှသန်းထွန်း ချိုးဝင်လိုက်သော လမ်းမြောင်ကလေးကို ကြည့်လိုက်သည်။

အိမ်ကိုပြန်သောလမ်း မဟုတ်မှန်းသိသည်နှင့်တစ်ပြိုင်နက် ကားစတီးရာတိုင်ကို ကိုင်၍လှည့်လိုက်သည်။ ရုတ်တရက် ကားကလေးသည် လမ်းဘေးသစ်ပင်များဆီသို့ တိုးဝင်သွားသည်။ ဘလှသန်းထွန်းသည် ကားကို သစ်ပင်နှင့် မတိုက်မိစေရန် မနည်းပင်ရှောင်လိုက်ရင်း ဘရိတ်အုပ်လိုက်သည်။

"ဘယ်လိုလုပ်တာလဲ ... မော်၊ အရမ်းပဲ၊ တိုက်ရင်သေကုန်မှာ... သိလား"

"ဘာလဲ ... ဒါ အိမ်ပြန်တာလား။ အိမ်သွားတဲ့လမ်းက ဒီလမ်းမဟုတ်ဘူး"

သည်တော့မှလည်း ဘလှသန်းထွန်းက အဓိပ္ပာယ်ပါပါ ပြုံးလိုက်ရင်း မော်၏ လက်မောင်းအိုးကလေးကို ဆုပ်ကိုင်ထားလိုက်သည်။

"စောပါသေးတယ် မော်ရာ၊ ကိုယ်တို့ စကားလေးဘာလေး ပြောကြတာပေ့ါ"

စကားပြောမှာဖြင့်ပြော၊ ဘယ်မှ လျှောက်မောင်းနေစရာမလိုဘူး"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာအောင်လင်း၏ "အရိုင်းစံပယ်" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**"ဘလှသန်းထွန်းသည် ဤပွဲမျိုးတွင် ပါးနပ်သူဖြစ်သည်။ ဓာတ်ပုံရိုက်သည်ကို ရုတ်တရက် သိလျှင်သိချင်း မော့်ကိုဆွဲ၍ ကားဆီသို့ပြေးတော့သည်။ ကားပေါ်သို့ မော့်အားတွန်းတင်လိုက်ရင်း စက်ကိုနှိုးကာ တစ်ဟုန်ထိုးမောင်းထွက်သွားတော့သည်။ မော်ကမူ ရှေ့နောက် ဘာကိုမျှစဉ်းစားဟန်မရှိ၊ သူလုပ်သမျှကို ကျေနပ်နေဟန်ရှိသည်။ "မော်ကကွာ ... ဘာမှမစဉ်းစားဘူး။ ဒီလိုနေရာမျိုးမှာ လုပ်ရတာမဟုတ်ဘူး။ တစ်ခါတည်း သတင်းစာထဲမှာပါလာမှာ။ အလိုလိုကမှ သတင်းစာတွေက ဒီကပွဲအကြောင်းကို မကောင်းဘူးလို့ အပြစ်ရှာနေတာ။ ခု မမြင်ဘူးလား။ တော်တော်ကြာ ဓာတ်ပုံနဲ့ပါလာရင် အရှက်ကွဲကုန်မှာ"**

# ဖြူလိုက်စမ်းပါ မရောစေနဲ့

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

ကောင်းတာရှိရင်ဆိုးတာရှိစမြဲပါ။ အခက်ရှိရင် အလွယ်ဆိုတာရှိစမြဲ၊ အမည်းရှိရင်လည်း အဖြူဆိုတာ ရှိစမြဲပါပဲ။

လောကမှာ ဒွန်တွဲ ဒွန်တွဲနေကြတာတွေက အများကြီးပါ။ အကောင်းနဲ့အဆိုးနဲ့ တစ်စုံတွဲလို့၊ အခက်နဲ့အလွယ်တစ်စုံတွဲလို့၊ အမည်းနဲ့အဖြူ တစ်စုံတွဲလို့ပါပဲ။

အမည်းနဲ့အဖြူ တစ်စုံတွဲတယ်ဆိုပေမယ့် အမည်း (အနက်)မှာကလည်း နက်ပြာဆိုတာမျိုး၊ အညိုဆိုတာမျိုး၊ ခဲပုပ်ဆိုတာမျိုးတွေ ကွဲပြားသွားကြပါရော။

"အနက်မဟုတ်ဘူး အညိုပါ"လို့ ဆိုကြပေမယ့် အနက်အုပ်စုဝင်၊ အနက်နဲ့ရောစပ်ထားတာတွေပါပဲ။ အနက်ပါဝင်မှုကတော့ များနေတာပါပဲ။

ခဲပုပ်ရောင်လည်း ဒီလိုပဲပေါ့၊ အစိမ်းပုပ်တွေ၊ အပြာပုပ်တို့လည်း အနက်အုပ်စုဝင်တွေပါပဲ။ အနက်မဟုတ်ဘူးလို့ပြောနိုင်ပေမယ့် အနက်ရဲ့အဝန်းအဝိုင်းက မလွတ်သေးပါဘူး။

ဒီလိုပါပဲ အခက်နဲ့အလွယ်ဆိုတဲ့ တစ်စုံကလည်း ရှိပါသေးတယ်။

အခက်မဟုတ်ပေမယ့် သိပ်တော့မလွယ်တာတွေ ရှိတတ်ပါတယ်။ အလွယ်မဟုတ်ပေမယ့် သိပ်ပြီးမခက်တာတွေလည်း ရှိပါတယ်။

ရာနှုန်းပြည့် မခက်ပေမယ့် စင်းလုံးချော မလွယ်တာတွေကိုလည်း တွေ့ရ၊ မြင်ရ၊ ကြုံကြရပါတယ်။

အလုပ်တစ်ခုကို လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ အောင်မြင်မှုရနိုင်ဖို့အတွက် အခက်အခဲတွေကို ကျော်လွှားရပါတယ်။ အခက်အခဲတွေကို ရာနှုန်းပြည့် ကျော်ဖြတ်နိုင်တဲ့ အောင်မြင်မှုမျိုးရှိသလို အောင်မြင်တယ်ဆိုရုံလောက် အခေါ်ခံရရုံလောက်မျှသာ အောင်မြင်ကြတာတွေလည်း ရှိပါတယ်။

အဲဒီအခါကျတော့ ဘယ်လိုပင် အောင်မြင်အောင်မြင်၊ အောင်မြင်ဖို့က အဓိကပဲလေလို့ လေသံပျော့ပျော့နဲ့ ပြောတတ်ကြပါတယ်။

အောင်မြင်တာတော့ ဟုတ်ပါတယ်၊ ရာနှုန်းမပြည့်ဘူးပေါ့။

ဒါတော့လည်း ဘယ်တတ်နိုင်မလဲ၊ အောင်မြင်အောင် ကြိုးစားတယ်၊ ရာနှုန်းပြည့်အောင် ကြိုးစားတယ်။ ဒါပေမဲ့ ရာနှုန်းမပြည့်ဘူး။ အောင်မြင်တယ်၊ "အောင်မြင်တယ်ဆိုရင်ပဲ တော်လှပါပြီ" ဆိုတဲ့ အသံတွေနဲ့ပဲ အောင်မြင်မှုကို ကျေနပ်နှစ်သိမ့်ပြီး မိမိရဲ့ လုပ်ငန်းတွေကို ရပ်ပစ်လိုက်ကြပါတယ်။

လုပ်ငန်းကို ဆောင်ရွက်နိုင်တဲ့ စွမ်းအားတွေ ရှိပါလျက် ထုတ်ပြီးမသုံးဘဲ အလဟဿ ဖြစ်စေလိုက်ကြပါတယ်။ ဒီလို စိတ်ဓာတ်မျိုးတွေကတော့ မကောင်းတဲ့ စိတ်ဓာတ်တွေပါ၊ အားနည်းတဲ့ စိတ်ဓာတ်တွေပါ။ ဒါကြောင့်လည်း မအောင်မြင်ကြတာပါပဲ။

အောင်မြင်စေချင်ပါတယ်၊ အောင်မြင်အောင် ကြိုးစားကြပါ။ ရာနှုန်းပြည့်စေချင်ပါတယ်၊ ရာနှုန်းပြည့်အောင် ကြိုးစားကြပါ။

"အရှင်ဘုရား၊ ဒီတစ်ခါ တပည့်တော် လျှောက်တာက သေသေချာချာလေး ရှင်းပြပေးပါဦး ဘုရား"

"ဟာ... ဒကာမကြီးက အရင်တုန်းက လျှောက်တာတွေကို သေသေချာချာ မရှင်းပြတာကျနေတာပဲ"

"သေသေချာချာ ရှင်းပြပါတယ်ဘုရား၊ အရင်ကလည်း အရှင်ဘုရားက သေချာရှင်းပြတာပါပဲ၊ အခုလည်း ထပ်ပြီးရှင်းပေးပါဦးဘုရားလို့လျှောက်တာပါဘုရား"

"ဩော် .. အင်း ... အင်း၊ ကဲ.. အဲဒီလိုဆို လျှောက်စမ်းပါဦး"

"မှန်လှပါဘုရား၊ လျှောက်ပါမယ်၊ ဒီတစ်ခါတော့ လျှောက်ရမယ့်စကားက ရှည်မယ်နဲ့တူပါတယ်ဘုရား"

"အမယ်လေး . . ခွင့်ပြုပါတယ်၊ ရှည်ရှည်တိုတို လျှောက်သာလျှောက်ပါ"

"လျှောက်ပါမယ်ဘုရား၊ ဒီစကားက၊ ဒီမေးခွန်း ပြဿနာက တပည့်တော်အတွက်ရော တပည့်တော်တို့လို ယောဂီကြီးတွေအတွက်ပါ အရေးကြီးလို့ပါဘုရား"

"အင်း"

"ဟိုတစ်နေ့က တပည့်တော်ရဲ့ ဓမ္မမိတ်ဆွေယောဂီတစ်ယောက် နေမကောင်းလို့ လူနာမေးသွားပါတယ်ဘုရား။ ရောဂါကတော့ ဘာရယ်မဟုတ်၊ မည်မည်ရရ မရှိပါဘူးတဲ့။ ဒါပေမဲ့ သွားကလည်း ကိုက်နေပါတယ်၊ ခေါင်းကလည်း အုံခဲနေပါတယ်၊ အဖျားကလည်း နည်းနည်းရှိတော့ ဖျားလည်းဖျားနေပါတယ်"

"အင်း"

"အဲဒါ၊ တပည့်တော်ရောက်သွားတော့ တော်တော်ကို ညည်းနေပါတယ်ဘုရား၊ အသံကိုထွက်ပြီး ညည်းနေလိုက်တာ၊ တပည့်တော်ကိုလည်း မြင်ရော ပိုပြီးဆိုးလာပါတယ်ဘုရား"

"ဘယ်လို ပိုပြီးဆိုးသွားတာလဲ"

"အမယ်လေး မသန်းရဲ့၊ ကျွန်မကို မကယ်နိုင်တော့ဘူးလား၊ သွားကလည်းကိုက်၊ ခေါင်းကလည်း အုံ၊ ဖျားကလည်းဖျား၊ တစ်ကိုယ်လုံးလည်း အဝတ်ဆောင့်လျှော်ထားသလို ဖြစ်နေတယ်တော့... တဲ့"

"အဲဒါနဲ့ တပည့်တော်က မကြည်ရယ်၊ တရားမှတ်လိုက်ပေါ့၊ တရားရှုလိုက်ပေါ့၊ အခုဘာတွေဖြစ်နေသလဲ ဖြစ်တာတွေကို လိုက်မှတ်လိုက်ပေါ့"

"မှတ်တာပဲတော်၊ ဒါပေမဲ့ မရပါဘူး၊ တကယ်တမ်း အခုလိုဖြစ်မှ တရားက ဘယ်ကိုရောက်ကုန်မှန်း မသိတော့ပါဘူးတော်... တဲ့"

"တပည့်တော်ကတော့ အားပေးလိုက်ပါတယ်။ "ဩော် မကြည်ရယ်၊ ကိုယ်က ယောဂီပဲဟာ ဒီလောက်တော့ ခံနိုင်ရမှာပေါ့၊ တရားမှတ်နိုင်ရမှာပေါ့"လို့ ပြောလိုက်ပါတယ်"

"ဒါပေမဲ့ မရပါဘူးဘုရား၊ တစ်ညည်းတည်းညည်း၊ တစ်အော်တည်းအော်နေတာပါပဲ"

"အေးလေ၊ ဒီလောက်နာနေမှတော့ ဖြစ်မှာပေါ့"



"ဟာ.. အရှင်ဘုရားကလည်း အဲဒီလိုအော်ဖို့၊ ညည်းဖို့တော့ ဘယ်ကောင်းမလဲဘုရား၊ သူက ယောဂီ ထိတ်ထိတ်ကြဲပဲ၊ တရားနာမည်ပျက်မှာပေါ့"

"တရားတော့ နာမည်ပျက်မယ်ဆိုလည်း နာမည်ပျက်မှာပေါ့၊ ဒါပေမဲ့ သူ့မှာက တရားမှမရှိဘဲ၊ သတိ၊ ဝီရိယ၊ ဉာဏ်ဆိုတာတွေမှ မရှိဘဲ၊ နာမည်ပျက်ခြင်းပျက် သူပဲနာမည်ပျက်မှာပေါ့"

"သူကတော့ ဘယ်နာမည်ပျက်မလဲဘုရား၊ သူက တရားထိုင်နိုင်တဲ့ သူတွေထဲမှာ အကြာဆုံးပဲ။ နောက်ပြီး သူ့ဉာဏ်က ..."

"တော်ပါတော့ ဒကာမကြီးရယ်၊ သူ့မှာ တကယ်ဉာဏ်အစစ်၊ ဝိပဿနာဉာဏ်အစစ် ရှိနေမယ်ဆိုရင် ဘယ်မှာလာပြီး ဒီလိုညည်းတာ၊ အော်တာတွေ ဖြစ်မလဲ" (ဆက်လက်ဖော်ပြပါမည်)

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁၆)

ဦးမင်းဟန်(ဘီအေ)

"မောင်ထူးရာ မင်းကလည်း ကျောင်းမှာပြီးခဲ့တဲ့ကိစ္စတွေကို ပြန်တွေးပြီး ဒေါသဖြစ်မနေပါနဲ့တော့။ သိပ်ပြီး အစွဲအလမ်းထားရင် မကောင်းဘူး။ စိတ်ထဲမထားတော့ရင် ဘာမှ ခံစားရမှာမဟုတ်ဘူးပေါ့"

မောင်ထူး၏ မကျေမနပ်ပြောစကားကို ကိုဦးက လေပြည်လေးနှင့် နားဝင်အောင် ပြောလိုက်သည်။

"ဟုတ်ပါတယ်ဟာ ဆရာမကလည်း ကျေလည်အောင်ရှင်းပေးပြီးပြီပဲ။ နောက်ဆက်တွဲတွေ တွေးမနေပါနဲ့။ ပြောမနေပါနဲ့တော့ဟာ"

ပူစူးမကလည်း ကိုဦး၏စကားကိုထောက်ခံပြောပြောလာသည့်တိုင် မရိုးမရွဖြစ်နေရသည်က မောင်ထူးပင်။ ပြောချင်သေးသည် ဆွေးနွေးချင်သေးသည်။ ထိုကိစ္စကို ဘိုးလေးကြွက်အား ပြောပြကာ ဘိုးလေးကြွက်ပြန်ပြောလာမည့် မှတ်သားစရာတို့ကို မှတ်သားလိုသေးသည်ကလည်း မောင်ထူးပင်ဖြစ်နေလေသည်။

"ဖြစ်ပြီးခဲ့တဲ့အကြောင်းကို အစဖော်တာတော့ မဟုတ်ပါဘူး။ ဒီအကြောင်းကို ဘိုးလေးသိရင် ဘယ်လိုမှတ်သားစရာများ ရနိုင်ဦးမလဲလို့ပါ။ တို့အားလုံးလည်း ဗဟုသုတတိုးတာပေါ့"

ဘိုးလေးကြွက်က မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးအပြန်အလှန်ပြောနေကြသည်များကို နားစွင့်နေရာမှ မောင်ထူး နောက်ဆုံးပြောလိုက်သည့်စကားကို စိတ်ဝင်စားသွားကာ ဝင်ပြောလာသည်။

"မြေးတို့ပြောနေကြတာ ဘိုးလေးကြားတယ်။ ကိုဦးနဲ့ ပူစူးမတို့ ပြောတာကိုလည်း သတိထားမိတယ်။ မောင်ထူး ခုနလေးတင်ပြောလိုက်တဲ့ စကားကို စိတ်အဝင်စားဆုံးပဲ။ ဒါကြောင့် မောင်ထူးကျောင်းမှာ ဘာဖြစ်ခဲ့တယ်ဆိုတာ ဘိုးလေးသိချင်တယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး။ ကျောင်းမှာ ဘောလုံးကစားတယ်။ အသင်းလိုက်ပေါ့။ ဒီနေရာမှာ မောင်ထူးတို့အသင်းနဲ့ တစ်ဖက်အသင်းတို့ အချေအတင်ဖြစ်ကြတာပါ"

"အဲဒီတော့- ဘာဖြစ်သလဲ၊ ဆက်ပြောပါဦး"

"ဟုတ်ကဲ့။ အဲဒီအချေအတင်ဖြစ်တယ်ဆိုတာက ဘောလုံးက ဂိုးပေါက်စည်းကို ကျော်တယ်မကျော်ဘူး အငြင်းပွားကြတယ် ဘိုးလေးရေ၊ အဲဒီမှာ တကယ်ကန်သွင်းလိုက်တဲ့ မောင်ထူးက ဂိုးတယ်။ မောင်ထူးတို့ တစ်သင်းလုံးက အနိုင်ဂိုးရတယ်ဆိုပြီး ပျော်ကြတယ်။ ကကြခုန်ကြတယ်"

"ဆက်ပါဦး၊ စိတ်ဝင်စားစရာတော့ကောင်းလာပြီ"

ပူစူးမ၏စကားကိုဘိုးလေးကြွက်က စိတ်ဝင်တစားပြန်ပြောလိုက်ရာ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးမှ မောင်ထူးက ဖြည်းဖြည်းချင်း စကားဆက်သည်။

"စကားအချေအတင်ကနေ ရန်ပွဲဖြစ်ဖို့အထိ ဖြစ်လာတော့တာပေါ့။ အဲဒီမှာ ဆရာမရောက်လာပြီး ပွဲထိန်းလိုက်နိုင်လို့ပြီးသွားတယ်။ မြေးတို့တစ်သင်းလုံးလည်း အစာမကြေဖြစ်ပြီး ကစားပွဲနားလိုက်ကြတယ်"

"ဟေ- ဟုတ်လား။ ဆရာမပြောတဲ့စကားလေး ပြန်ပြောကြည့်ပါဦးလား"

"ဟုတ်ကဲ့ ဘိုးလေး။ ဆရာမပြောတာကတော့ ရှင်းပါတယ်။ အရှုံးအနိုင်ကို ပဓာနမထားရဘူး။ ကျန်းမာရေးနဲ့ ပျော်ရွှင်ရေးကိုသာ ပဓာနထားရမယ်လို့ ပြောသွားတာပါ ဘိုးလေး"

"သိပ်မှန်ကန်တဲ့ စကားပဲ။ မြေးတို့ မှတ်သားထားရမယ့်စကားပေါ့ကွယ်။ ကျောင်းမှာ အပျော်တမ်း ဘောလုံးကစားကြတာပဲလေ။ ဒေါသဖြစ်လောက်တဲ့အထိ၊ ရန်ဖြစ်နိုင်လောက်တဲ့အထိ စိတ်ကိုလွှတ်မပေးသင့်ဘူးပေါ့။ အတန်းသားအချင်းချင်း ဆော့ကစားကြတာဖြစ်လို့ အနိုင်အရှုံးကို ပဓာနမထားရဘူးဆိုတာ မှန်တယ်။ နောက်ပြီး ကျန်းမာရေးနဲ့ ပျော်ရွှင်ရေးကိုသာ ပဓာနထားရမယ်ဆိုတာလည်း မှန်ကန်တဲ့စကားလုံးပါပဲ။

မြေးတို့ဆရာမက စကားကိုလိုတိုရှင်းနဲ့ အဓိပ္ပာယ်ရှိရှိပြောလိုက်တာဖြစ်တယ်။ ပြောတတ်လိုက်တာလို့ ဆရာမကို ဘိုးလေး ချီးကျူးစကားဆိုချင်တယ်။ အဲဒီစကားကိုမြေးတို့တစ်သက်လုံးမှတ်သားထားကြရမယ်နော်"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးသား မှတ်စုစာအုပ်ကိုယ်စီထုတ်ပြီး လိုက်လံမှတ်သားနေကြတော့သည်။

"ဆိုပါဦးကွယ့် မောင်ထူးရေ။ မြေးက အဲဒီအကြောင်းကို ဘိုးလေးကို သိစေချင်တာဆို"

"ဟုတ်ပါတယ် ဘိုးလေး။ ဘိုးလေးသိတော့ မြေးတို့ကို ဘယ်လိုစိတ်ထားရမယ်၊ ဘယ်လိုပြုမူရမယ်။ ဘယ်လို ရင်ဆိုင်ရမယ်ဆိုတာတွေနဲ့ ပတ်သက်လို့ ဆုံးမသွန်သင်တဲ့စကားတွေကို သိခွင့်ရမှာမို့လို့ပါ"

မောင်ထူး၏စကားကို နားစွင့်ရင်း ဘိုးလေးကြွက်က ခေါင်းတဆတ်ဆတ် ညိတ်နေတော့သည်။

"စာသင်ကျောင်းမှာ ဆော့ကစားတယ်ဆိုရင် ဆရာမပြောသလိုပါပဲ၊ အရှုံးအနိုင်က အဓိကမဟုတ်သလို ဝမ်းသာဝမ်းနည်းမှုကလည်း အဓိကမကျဘူးနော်။ ကိုယ့်အသင်းနိုင်လို့လည်း အပျော်မကြူးရသလို ဝမ်းသာမှုကိုလည်း သိသာထင်ရှားအောင်မပြသရဘူးကွယ့်။ နောက်ပြီး ကိုယ့်အသင်းကရှုံးလို့လည်း စိတ်ဆိုးဒေါသမဖြစ်ရသလို အလွန်အမင်း ဝမ်းနည်းပူဆွေးတာမျိုးမဖြစ်စေရဘူး၊ ဝမ်းနည်းတာကို သိသာထင်ရှားအောင်မဖော်ကျူးရဘူးနော်။ ဒါတွေက စာသင်ခန်းယဉ်ကျေးမှုအတွက် မှတ်သားစရာတွေပေါ့ကွယ်။

"ဟုတ်ကဲ့ ဘိုးလေး၊ မြေးတို့မှတ်သားထားပါ့မယ်"

ဘိုးလေးကြွက်က သာဓုသုံးကြိမ် ခေါ်ဆိုလိုက်လေတော့သည်။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**နေကုန္ဓမ္မပါရမီ**
**ဖြစ်ပျက်သိမြင်တောရပ်ဝင်**

"အချင်းတို့၊ ပညာရှိသူက ဒုက္ခဆင်းရဲရောက်သော်လည်း ချမ်းသာသုခရရှိရေးအတွက် ရည်မှန်းချက်ကို မစွန့်ရာ။ လောကဓမ္မတာအရ ဆင်းရဲချမ်းသာကို ကြုံရစမြဲ။ ဆင်းရဲပေမယ့် နောင်အခါ ချမ်းသာတဲ့အလှည့် ရနိုင်ပေတယ်။ ဒါပေမဲ့ မကြံစည်သော်လည်း ဖြစ်တတ်သလို ပျက်လည်း ပျက်တတ်ပေတယ်"

မဟာဇနကမင်းကြီးသည် မိမိဘဝအတွေ့အကြုံများနှင့်ယှဉ်လျက် အသိပညာပေးပြီးတရားနှင့်အညီ အုပ်ချုပ်သဖြင့် ပြည်သူတို့၏ချစ်ခင်လေးစားမှုကိုရရှိခဲ့သည်။ မင်းကြီးသည် ငယ်နစဉ်က ဖြစ်စဉ်များကို ပြန်လည်သတိရလိုက်မိပေသည်။

"သားတော်ဟာ အဖမဲ့သားမဟုတ်။ မိတ္ထီလာပြည့်ရှင် ဘုရင်အရိဋ္ဌဇနကဆိုတာ သားရဲ့ဖခမည်းတော်ပဲ"

"မယ်တော်ရယ် ဒါနဲ့များဘာဖြစ်လို့ ဒီအရပ်မှာ ညှိုးညှိုးငယ်ငယ်နဲ့ လာနေရသလဲမယ်တော်"

"အင်း- သားတော်ရယ် ဒီအကြောင်းတွေက ရှည်လျားလွန်းပါတယ်။ ခုလည်းပဲ အဆင်ပြေနေတာပဲ မဟုတ်လား။ အချိန်တန်ရင်တော့ သိလာမှာပေါ့ကွယ်"

"အဆင်ပြေတယ်ဆိုပေမယ့်ထိုက်တန်တဲ့နေရာမရသင့်ဘူးလား မယ်တော်။ မိတ္ထီလာပြည့်ရှင် ထီးနန်းကို ဆက်ခံခွင့်ရှိသင့်တာပေါ့"

သားဖြစ်သူက မရမကတောင်းဆိုနေသဖြင့် မယ်တော်ကြီးက ဘဝဖြစ်စဉ်အားလုံးကို ပြန်ပြောပြလိုက်တော့သည်။ နန်းစည်းစိမ်အတွက် ညီနောင်အချင်းချင်း မသင့်မတင့်ဖြစ်ရသည်ကို ကြားရသဖြင့် ငယ်နုစဉ်ဖြစ်လင့်ကစား ဇနကမင်းသားသည် သံဝေဂစိတ်ဖြစ်ရလေသည်။

"သားတော်ရယ်။ အဆင်အလာသဘောကတော့ ဒီလိုပဲပေါ့သားရယ်။ ဒါပေမဲ့ သားတော်က ငယ်ပါသေးတယ်။ တတ်အပ်တဲ့ပညာတွေကို သင်ယူပါဦးကွယ်"

မယ်တော်ကြီး၏အဆုံးအမကြောင့် သည်းခံလိုက်ရသော်လည်း တစ်နေ့တွင် မိတ္ထီလာပြည် ထီးနန်းကို အရယူရန် သန္နိဋ္ဌာန်ချဖြစ်လိုက်သည်။ ထိုအတွက် ငွေကြေးဥစ္စာပြည့်စုံရန် စီးပွားရှာရန် ပြင်ဆင်တော့သည်။ မယ်တော်ကြီး၏ ပိုင်ဆိုင်သမျှသည်လည်း မနည်းမနောရှိသည့်တိုင် ဇနကမင်းသားသည် ကိုယ်စွမ်းကိုယ်စဖြင့် ရှာဖွေရရှိသည့်စီးပွားနှင့် ထီးနန်းကိုသာအလိုရှိသည်ဖြစ်၍ ကိုယ်တိုင်ကြိုးစားရန် ကုန်သွယ်ရေကြောင်းခရီးကို သင်္ဘောဖြင့် ထွက်ခွာတော့သည်။

လမ်းခရီးတွင် ပြင်းထန်သောမုန်တိုင်းနှင့် ကြုံတွေ့ရသဖြင့် သင်္ဘောသားများ ဆောက်တည်ရာမရဖြစ်ကြပြီး သောကပိုကာငိုကြွေးကြလေသည်။

"ငိုကြွေးနေကြရုံနဲ့ မလွတ်မြောက်နိုင်ဘူး။ ကိုယ်စွမ်းကိုယ်စနဲ့ ရုန်းကန်မှသာ လွတ်မြောက်နိုင်မှာဖြစ်တယ်"

သောကဖြင့် ဆောက်တည်ရာမရဖြစ်နေကြသည့် သင်္ဘောသားများအား အသိပေးပြောကြားသော်လည်း တုံဏှိဘာဝေ ဖြစ်နေကြသဖြင့် မင်းသားမှာ ထောပတ်နှင့် သကာကိုဗိုက်ပြည့်အောင် စားသည်။ ချည်ချောပုဆိုး နှစ်ထည်ကို ဆီဆွတ်ကာ မြဲမြံစွာ ဝတ်လျက် ရွက်တိုင်ထိပ်သို့ တက်သွားလိုက်သည်။ ထိုမှသင်္ဘောနှင့် ဝေးနိုင်သမျှဝေးရာဆီသို့ ခုန်ထွက်လိုက်ပြီး အပြောကျယ်သည့် ပင်လယ်ပြင်ကြီးကို အန်တုကူးခပ်လေတော့သည်။

"အသင်လူသား ကမ်းမမြင်လမ်းမမြင်တဲ့ မဟာသမုဒ္ဒရာကို အန်တုနေခြင်းက အချည်းနှီး မဟုတ်လား"

ဇနကမင်းသားသည် ခုနစ်ရက်တိုင်တိုင် မရပ်မနား ကူးခပ်နေရာမှ အသံကြားရာသို့ သတိထား ကြည့်လိုက်ရာ လင်းလက်တောက်ပနေသည့် နတ်သမီးတစ်ပါးကို တွေ့လိုက်ရသဖြင့် အံ့သြဘနန်း ဖြစ်ရသည်။

"ဝီရိယအကျိုးကား အလဟဿမဖြစ်နိုင်ပါ နတ်သမီး၊ ယခုဒုက္ခခံကြိုးစားရင် နောင်တစ်ချိန် သုခစံရမယ်။ ဒီသဘောကိုသိလို့ မဟာသမုဒ္ဒရာကို အန်တုနေတာဖြစ်တယ်"

"အသင်လူသား၊ ဒီအပြောကျယ်တဲ့ မဟာသမုဒ္ဒရာကိုအန်တုရင် ကမ်းမရောက်ဘဲ အသက်ပျောက်ရုံပဲ အဖက်တင်မှာပေါ့"

"လုံ့လဝီရိယရှိသူကို အများက ကဲ့ရဲ့မည်မဟုတ်။ ချီးမွမ်းသာခံရပေမယ်။ အကယ်လို့များ မအောင်မြင်ရင်လည်း နောင်တမဖြစ်ပါ ကြိုးစားနေရမှာက ငါ့တာဝန်သာဖြစ်တယ် နတ်သမီး"

"အို မိုက်လိုက်တဲ့ လူသားပေပဲ။ ဘယ်လို လုံ့လနဲ့မှ မအောင်မြင်နိုင်တဲ့ကိစ္စကို အပင်ပန်းခံ ကြိုးစားနေလည်း အပိုပါပဲ။ ပင်ပန်းပြီးအကျိုးမရှိနိုင်ပါဘူး"

"အချင်းနတ်သမီး၊ အကျိုးမရှိဘူးလို့တွေးပြီး လုံ့လမစိုက်ရင် ငါသေတာကြာပြီပေါ့။ လုံ့လမစိုက်တဲ့သူဟာ မိမိအသက်ကို မစောင့်ရှောက်သူပဲဖြစ်တယ်။ ဒီလောကမှာ အကျိုးရှိမယ်ထင်ပြီး လုပ်ကြပေမယ့် အကျိုးခံစားရတာ ရှိနိုင်သလို၊ အကျိုးမခံစားရတာလည်း ကြုံနိုင်တာပါပဲ။ ဒါပေမဲ့ လုံ့လစိုက်ထုတ်မှုကတော့ ခုလို ငါအသက်ရှင်သန် နေနိုင်သေးတယ်ဆိုတာ မျက်ဝါးထင်ထင်တွေ့နေရတာပဲ။ ကျန်တဲ့သူတွေ သေကုန်ကြပြီလေ၊ ဒါကြောင့် ငါကား အသက်နဲ့ခန္ဓာမြဲနေသရွေ့ ကြိုးစားနေမှာပဲ၊ လုံ့လကို ဘယ်တော့မှမလျှော့ဘူး"

(ဆက်လက်ဖော်ပြပါမည်)

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ

**ခြိုးခြံရေးမင်္ဂလာ**

လောကီအာရုံ ဇိမ်ယစ်မူးလို့၊
အပျော်မကြူးနဲ့ ခြိုးခြံလေ။
မေတ္တာဖြဟ္မစိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ယွင်းမသွေ။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
အမှန်သိအောင် ကြိုးစားလေ။
ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊
အလင်းပေါက်နိုင်စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။




၃၈-ဖြာမင်္ဂလာ ကဗျာတွေထဲက နဝမမြောက်ကဗျာပေါ့ကွယ်။ "ခြိုးခြံရေးမင်္ဂလာ"ကဗျာလို့ခေါ်တယ်။ ခြိုးခြံရေးမင်္ဂလာလေးပါးကို ကဗျာအဖြစ် ဆရာကြီး ဒဂုန်ဦးဆန်းငွေက ရေးစပ်သီကုံးခဲ့တာဖြစ်တယ်။

ဘဝဖြတ်သန်းမှုမှာ အဆင်ပြေပြေနဲ့ အောင်မြင်ပျော်ရွှင်နိုင်ကြဖို့ လောကရဲ့ ဘဝဖြတ်သန်းမှုမှာ ခြိုးခြံရေးဆိုင်ရာ အတတ်ပညာများကို သိမြင်နိုင်ကြစေရန် သားတို့ သမီးတို့၊ မောင်တို့ မယ်တို့အတွက် မှတ်လို့လွယ်အောင် ရွတ်ဆိုရတာ လွယ်ကူချောမွေ့အောင် သံပေါက်ကဗျာအဖြစ် ဖွဲ့ဆိုပေးထားတာလည်း ဖြစ်တယ်။

၃၈-ဖြာမင်္ဂလာကဗျာ ဖြစ်လာဖို့အတွက် ဆက်ဆံရေးမင်္ဂလာ သုံးပါး၊ နေထိုင်ရေးမင်္ဂလာ သုံးပါး၊ သင်ကြားရေးမင်္ဂလာ လေးပါး၊ ပြုစုရေးမင်္ဂလာ သုံးပါး၊ လိုက်နာကျင့်သုံးရေးမင်္ဂလာ လေးပါး၊ ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါး၊ စိတ်ထားရေး မင်္ဂလာ ငါးပါး၊ သည်းခံရေးမင်္ဂလာ လေးပါး၊ ခြိုးခြံရေးမင်္ဂလာ လေးပါး၊ စိတ်ခံတက်ကြံ့ခိုင်ရေးမင်္ဂလာ လေးပါးတို့နဲ့ ဖွဲ့စည်းထားတာပေါ့ကွယ်။

ဆက်ဆံရေး၊ နေထိုင်ရေး၊ သင်ကြားရေး၊ ပြုစုရေး၊ လိုက်နာကျင့်သုံးရေး၊ ရှောင်ကြဉ်ရေး၊ စိတ်ထားရေး၊ သည်းခံရေး၊ ခြိုးခြံရေး၊ စိတ်ခံတက်ကြံ့ခိုင်ရေးဆိုတဲ့ လူမှုဘဝရှင်သန်ရေးမှာ အရေးပါတဲ့ အချက်ကြီး (၁၀) ချက်ပဲပေါ့ကွယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘဝရှင်သန်မှု၊ ယဉ်ကျေးလိမ္မာနည်းလမ်းကောင်းတွေပဲပေါ့။

ဆက်ဆံရေးမင်္ဂလာ သုံးပါးဖြစ်တဲ့ နံပါတ်တစ် အသေဝနာစဗာလာနံ၊ လူမိုက်ကိုမပေါင်းသင်းရ။ နံပါတ်နှစ် ပဏ္ဍိတာနဉ္စ သေဝနာ၊ ပညာရှိကို ပေါင်းသင်းရမယ်။ နံပါတ်သုံး ပူဇာစ ပူဇနေယျာနံ၊ ပူဇော်ထိုက်သူကို ပူဇော်ရမယ်။ နေထိုင်ရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ်တစ် ပတိရူပဒေသဝါသောစ၊ သင့်တင့်လျောက်ပတ်ကောင်းမြတ်သောအရပ်၌ နေရမယ်။ နံပါတ်နှစ် ပုဗ္ဗေစ ကတပုညတာ၊ ရှေးဘဝက ပြုခဲ့ဖူးသောကောင်းမှု ရှိရမယ်။ နံပါတ်သုံး အတ္တသမ္မာပဏိဓိစ၊ အကျင့်သီလမပျက်ရအောင် ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာ စောင့်ထိန်းရမယ်။

သင်ကြားရေးမင်္ဂလာ လေးပါးဖြစ်တဲ့ နံပါတ်တစ် ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသူဖြစ်ရမယ်။ နံပါတ်နှစ် သိပ္ပဉ္စ၊ စက်မှုလက်မှု အတတ်တတ်ရမယ်။ နံပါတ်သုံး ဝိနယောစသုသိက္ခိတော၊ ကိုယ်ကျင့်တရား ကောင်းမွန်ရမယ်။ နံပါတ်လေး သုဘာသိတာစယာဝါစာ၊ ချိုသာသောစကားကို ပြောဆိုရမယ်။

ပြုစုရေးမင်္ဂလာသုံးပါးဖြစ်တဲ့ နံပါတ်တစ် မာတာပိတု ဥပဋ္ဌာနံ၊ မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးရမယ်။ နံပါတ်နှစ် ပုတ္တဒါရဿ သင်္ဂဟော၊ သားသမီး၊ ဇနီးမယားတို့ကို ပြုစုလုပ်ကျွေးထောက်ပံ့ရမယ်။ နံပါတ်သုံး အနာကုလာစ ကမ္မန္တာ၊ သူတစ်ပါးကို မထိခိုက်စေဘဲ အနှောင့်အယှက်ကင်းသောအလုပ်ကို ပြုလုပ်ရမယ်။

လိုက်နာရေးမင်္ဂလာလေးပါးဖြစ်တဲ့ နံပါတ်တစ် ဒါနဉ္စ၊ စွန့်ကြဲပေးကမ်းလှူဒါန်းရမယ်။ နံပါတ်နှစ် ဓမ္မာစရိယာစ၊ သုစရိုက်တရားကို ကျင့်ရမယ်။ နံပါတ်သုံး ညာတကာနဉ္စ သင်္ဂဟော၊ ဆွေမျိုးများကို ပေးကမ်းထောက်ပံ့ရမယ်။ နံပါတ်လေး အနဝဇ္ဇာနိ ကမ္မာနိ၊ အပြစ်ကင်းသောအလုပ်တို့ကို ပြုလုပ်ရမယ်။

ရှောင်ကြဉ်ရေးမင်္ဂလာ လေးပါးဖြစ်တဲ့ နံပါတ်တစ် အာရတီပါပါ၊ မကောင်းမှုတို့ကို မတွေ့ကြုံမီကပင် စိတ်ဖြင့်ရှောင်ကြဉ်ထားနှင့်ရမယ်။ နံပါတ်နှစ် ဝိရတီပါပါ၊ မကောင်းမှုပြုရန် ကြုံလာပါက မပြုမိ၊ မပြောမိအောင် ကိုယ်နှုတ်တို့ဖြင့် အထူးရှောင်ကြဉ်ရမယ်။ နံပါတ်သုံး မဇ္ဇပါနာစ သံယမော၊ အရက်သေစာ၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်ရမယ်။ နံပါတ်လေး အပ္ပမာဒေါစ ဓမ္မေသု၊ ကုသိုလ်တရားတို့တွင် မမေ့မလျော့စွာရှိနေရမယ်။

စိတ်ထားရေးမင်္ဂလာ ငါးပါးဖြစ်တဲ့ နံပါတ်တစ် ဂါရဝေါစ၊ အသက်သိက္ခာ ဂုဏ်ဝါကြီးမားသော ရိုသေထိုက်သူတို့ကို ရိုသေရမယ်။ နံပါတ်နှစ် နိဝါတောစ၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကြိုးနွားလား ဒွန်းစဏ္ဍားပမာ မာန်မာနကို နှိမ့်ချထားရမယ်။ နံပါတ်သုံး သန္တုဋ္ဌိစ၊ ရသမျှဖြင့် ရောင့်ရဲကျေနပ်နိုင်ရမယ်။ နံပါတ်လေး ကတညုတာစ၊ ရှေးကပြုဖူးသောသူ့ကျေးဇူးကိုသိတတ်၍ အခွင့်သင့်သောအခါ ပြန်ဆပ်တတ်ရမယ်။ နံပါတ်ငါး ကာလေန ဓမ္မဿဝနံ၊ သင့်လျော်သောအခါ၌ တရားနာကြားရမယ်။

သည်းခံရေးမင်္ဂလာ လေးပါးဖြစ်တဲ့ နံပါတ်တစ် ခန္တီစ၊ မြေကြီးပမာ အရာရာ၌ သည်းခံခြင်း၊ ဒေါသမပွား မေတ္တာထား၍ သည်းခံရမယ်။ နံပါတ်နှစ် သောဝစဿတာ၊ ဆုံးမခံယူ လွယ်ကူသောသူဖြစ်ရမယ်၊ သူတော်ကောင်းတို့ရဲ့ စကားကို လိုက်နာလွယ်ကူသူဖြစ်ရမယ်။ နံပါတ်သုံး သာမဏာနဉ္စဒဿနံ၊ ရဟန်းသံဃာတော်တို့အား ဖူးမြော်ရမယ်၊ ရဟန္တာမထေရ်အရှင်သူမြတ်တို့ကိုဖူးမြော်ရမယ်။ နံပါတ်လေး ကာလေနဓမ္မသာကစ္ဆာ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးရမယ်။ အခါသင့်တဲ့အခါ တရားစကားများကို ဆွေးနွေးမေးမြန်းရမယ် ဆိုတာတွေကိုတော့ ပုံဝတ္ထုတွေနဲ့ ဖော်ပြခဲ့ပြီးပါပြီ။

"ခြိုးခြံရေးမင်္ဂလာ လေးပါး"

၁။ တပေါစ
၂။ ဗြဟ္မစရိယဉ္စ
၃။ အရိယသစ္စာန ဒဿနံ
၄။ နိဗ္ဗာန သစ္ဆိကရိယာ စ

မြန်မာလို အဓိပ္ပာယ်တွေကတော့ နံပါတ်တစ် တပေါစ၊ အကုသိုလ်စိတ်မဖြစ်အောင် ခြိုးခြံစွာကျင့်ခြင်း၊ ခြိုးခြံစွာ သုံးစွဲရခြင်း။ နံပါတ်နှစ် ဗြဟ္မစရိယဉ္စ၊ ကိလေသာအပူဝေး၍ ငြိမ်းအေးစေတတ်သည့် မြတ်သောအကျင့်ကို ကျင့်ခြင်း။ နံပါတ်သုံး အရိယသစ္စာနဒဿနံ၊ သစ္စာလေးပါးတရားကို သိမြင်ခြင်း၊ အရိယာသူတော်ကောင်းတို့ကို ဖူးမြော်ရခြင်း။ နံပါတ်လေး နိဗ္ဗာနသစ္ဆိကရိယာစ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ နိဗ္ဗာန်တရားတော်မြတ်ကို နှလုံးသွင်းရခြင်းတို့ပေါ့ကွယ်။

သားတို့ သမီးတို့၊ မောင်တို့ မယ်တို့ အပါအဝင် လူတိုင်းလူတိုင်းအတွက် ဘဝဖြတ်သန်းမှုမှာ ခြိုးခြံရေးမင်္ဂလာလေးပါးနဲ့အညီ ကျင့်ကြံလုပ်ဆောင်ကြမယ်ဆိုရင် အောင်မြင်ပျော်ရွှင်ကာ ငြိမ်းအေးသာယာပြီး ချမ်းသာကြွယ်ဝတဲ့ဘဝကို ပိုင်ဆိုင်နိုင်ကြမှာပဲဖြစ်တယ်။

ခြိုးခြံစွာ ကျင့်ကြံသုံးစွဲရမယ်။ မြတ်သောအကျင့်ကို ကျင့်ရမယ်။ အရိယာသူတော်ကောင်းတို့ကို ဖူးမြင်ရမယ်။ နိဗ္ဗာန်တရားတော်မြတ်ကို နှလုံးသွင်းရမယ်။

မြန်မာလို အနှစ်ချုပ်ပါပဲ။ ယနေ့ လူငယ်လူရွယ် မျိုးဆက်သစ် သားတို့ သမီးတို့၊ မောင်တို့မယ်တို့ အပါအဝင် လူတိုင်းလူတိုင်း လိုက်နာကျင့်ဆောင်ရမယ့် ခြိုးခြံရေးမင်္ဂလာနည်းနာတွေပေါ့ကွယ်။ ။

## ဆံတော်ရှင် ဆူးလေစေတီတော်

ရွှေထီးတော်၊ စေတီတော်လုံးတော်ပြည့်နှင့် အရံစေတီတော်များ
ရွှေစင် ရွှေပြား၊ မျက်ပါးရွှေသင်္ကန်းကပ်လှူရေးတွင်

**ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်လွှာ**

ရန်ကုန်မြို့ ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီး၏ ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် အရံစေတီတော်များကို ရွှေစင် ရွှေပြား၊ မျက်ပါး ရွှေသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်းလုပ်ငန်းအား ၁၃၈၄ – ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်မှ စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ သဒ္ဓါကြည်လင်ပါရမီရှင် ကုသိုလ်တော်ရှင်များသည်မိမိ သဒ္ဓါတတ်အား ရှိသရွေ့ကြုံတောင့်ကြုံခဲရွှေသင်္ကန်းကပ်လှူပူဇော်ပွဲကြီးတွင် ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် လှူဒါန်းလိုပါက စေတီတော်ဂေါပကအဖွဲ့ ဖုန်း – ၀၁ – ၈၃၇၁၀၀၇၊ ၈၃၇၁၀၀၉၊ ၈၃၇၁၅၆၁၊ ၈၃၇၁၅၆၂၊ ၈၃၇၁၅၆၃၊ ၀၉ – ၉၇၅၃၂၃၉၂၀၊ ၀၉ – ၄၅၀၀၁၂၉၉၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆူးလေစေတီတော်၊ ဂေါပကအဖွဲ့.


## အများသိစေရန်ကြေညာခြင်း

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တရားဝင်ချပေးထားသော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ် (၃၅၅)၊ ရွှေကမ်းသာယာအိမ်ယာအဆောက်အဦး အမှတ် (၅၁/၈) ဟုခေါ်တွင်သော ဒေါ်မိမိသိန်း အမည်ပေါက်၊ အကျယ်အဝန်း (၃၆၂၅) စတုရန်းပေအကျယ်ရှိ ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးအောင်ကျော်မိုး (၁၄/မမန (နိုင်) ၁၅၂၇၀၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်မြိုးဇေ LL.B (စဉ်–၁၇၄၆၁) ဒေါ်အိအိခင် LL.B., LL.M., D.M.L (စဉ်–၉၇၉၅)
**တရားလွှတ်တော်ရှေ့နေများ**
အမှတ် (၂၃၈)၊ အနော်ရထာလမ်း၊ ၈–ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၇၉၃၈၄၅၅၉၄ ၊ ၀၉ ၄၅၀၀၃၄၁၀၆ ၊ ၀၉ ၇၉၅၃၇၅၉၃၆

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၆၀၄)ဟု ခေါ်တွင်သော အလျားxအနံ(၁၂x၄၂)ပေ အကျယ်ရှိ ဘိုးဘွားပိုင်မြေကွက်နှင့် အိမ်အား လက်ရှိလက်ငုတ်ပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဒေါ်ကြည်ကြည်ဝင်း [၁၂/ဥကမ(နိုင်)၀၇၇၂၆၂]မှ ကာလပေါက်ဈေးအတိုင်း ရောင်းချရန်စီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုလျှင် ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသည့် စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးငွေးလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၃၄၀၈)**
**အမှတ်(၃၁၅)၊ (၂၁)ရပ်ကွက်၊ အောင်ဇေယျာဘုရားလမ်း၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။ Ph:09-401579081**

## "ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ သီတာအေးတိုးချဲ့(၄)လမ်း၊ မြေကွက်ကြီးအမှတ်(၃)၊ အိမ်ရာကွက်ငယ်အမှတ်(၁၁၈)၊ မြို့မြေကွက်တိုးချဲ့တည်ဆောက်ရေးအဖွဲ့မှ ဦးတင်အေးအမည်ဖြင့် ချထားရရှိသော ဧရိယာ(၆၀x၄၀)ပေရှိ မြေကွက်အား မူလအမည်ပေါက်ပိုင်ရှင် ဦးတင်အေးထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူ ဦးကွန်စတန်[၂/ဒမဆ(နိုင်)၀၂၂၀၅၂]မှ ဝယ်ယူလက်ရှိပိုင်ဆိုင်ပြီး၊ ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးလှမြင့်[၉/ညဥန(နိုင်)၀၃၁၉၈၃]မှ စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဦးလှမြင့်** — **[၉/ညဥန(နိုင်)၀၃၁၉၈၃]**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိသိမ့်သိမ့်ကျော်(LL.B)(Q)**
**အထက်တန်းရှေ့နေ(စဉ်–၄၉၅၁၄)**
**အမှတ်(၁၈၄)၊ ၁/ရ(၄)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၈၉၄၀၄၉၉၅**

## " ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ တိုက်အမှတ် (၇၉)၏ (၃–လွှာ)၊ (ခေါင်းရင်းခန်း) တိုက်ခန်းကို လက်ရှိထားပိုင်ဆိုင်သူအခန်းရှင်များဖြစ်သော (၁)ဒေါ်မြင့်မြင့်စန်း၊ (၂) ဒေါ်စန်းစန်းမြင့်၊ (၃)ဒေါ်သန်းသန်းလေး၊ (၄)ဒေါ်စန်းစန်းအေး၊ (၅) ဒေါ်အေးအေးစန်းတို့ထံမှ တိုက်ခန်း၏ ပိုင်ဆိုင်မှုအကျိုးခံစားခွင့် အရပ်ရပ်ကို ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းလွင်[၁၂/လသန(နိုင်) ၀၀၉၃၆၈]က တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ခိုင်မာသော ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ရုံး– အမှတ်(၅၀)စီ/၃၊ (ပ)ထပ်၊ ဘဏ်လမ်း ဦးလှမင်း (ပေါင်းတည်)**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ LL.B (ADVOCATE)**
**ဖုန်း– ၀၉–၅၀၃၃၁၇၂ တရားလွှတ်တော်ရှေ့နေ (စဉ်–၅၅၅၅/၉၁)**

# ကြီး မြန် သစ်ပင် စိုက်ပျိုး လျှင် စွမ်းအင် လည်း ရ ပြည် လည်း လှ


## မြန်မာရေးရာ မြန်မာရေးရာ(၂၁) MYANMAR AFFAIRS (အောက်တိုဘာ၊ ၂၀၂၂) ထွက်ပြီ




**၂၀၂၂ အောက်တိုဘာလထုတ် မြန်မာရေးရာ အမှတ်စဉ် – ၂၁ တွင်**

- လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှုနှင့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများ
- မဲခေါင် – လန်ချန်း အနာဂတ်အစီအစဉ်များနှင့် မြန်မာနိုင်ငံ
- ပါတီတွင်း ဒီမိုကရေစီ သို့မဟုတ် မြန်မာ့နိုင်ငံရေးကွက်လပ်တစ်ခု
- ပထဝီနိုင်ငံရေး၊ အမျိုးသားအကျိုးစီးပွားနှင့် ယနေ့မြန်မာ
- မြန်မာနိုင်ငံနှင့် စက်သုံးဆီ
- ရမှတ်ဦးတည်နေမှုမှသည် ဉာဏ်ရည်မြင့်သည့် ပညာရေးဆီသို့
- ပုဂံခေတ် ပညာရေးအခင်းအကျင်း

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

**တစ်အုပ် (၅၅၀၀) ကျပ်** — စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။


## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ လမ်း(၁၄၀)၊ အမှတ်(၁၇)၊ မြေညီနေ ဒေါ်နုနုမေ (TME–၀၁၄၀၀၂) နှင့် ဒေါ်လှမြင့် (SPTA–၀၀၈၇၆၆) ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (ဏ/ ၁၄)ရပ်ကွက်၊ ပန်းခြံ(၂) ကျေးရွာအုပ်စု၊ မိုးမိတ်(၂)လမ်း၊ အမှတ်(၅၀၀/က)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် အိမ်သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်နုနုမေ၏ မိခင်ဖြစ်ပြီး ဒေါ်လှမြင့်၏ အဘွားဖြစ်သူ ဒေါ်စိန်( ကွယ်လွန်) မှ ပိုင်ဆိုင်ကျန်ရစ်ခဲ့သော မြေနှင့် အိမ်ဖြစ်ပါသည်။ ဒေါ်စိန်(ကွယ်လွန်) ကျန်ရစ်ခဲ့သော အထက်ပါမြေနှင့် အိမ်ကို ဒေါ်နုနုမေ၊ ဦးလှမောင်၊ ဒေါ်ဖြူ၊ ဒေါ်တင်မြင့်(ကွယ်လွန်)၊ ဒေါ်တင်အေး (ကွယ်လွန်)တို့မှ ဥပဒေနှင့်အညီ ပူးတွဲ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြသည့် အမွေဆိုင်မြေနှင့် အိမ်ဖြစ်ပါသည်။

အဆိုပါမြေနှင့် အိမ်ကို ကျွန်ုပ်မိတ်ဆွေများ၏ အတိအလင်းသဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ခြင်းအစရှိသည်တို့ကို မပြုလုပ်ရန် အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၈၇၉၂)** | **(စဉ်–၁၄၄၄၅)** |

**တိုက်(A-3)၊ အခန်း(၂၀၉)၊ ဗညားဒလလမ်း၊**
**ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉– ၄၃၁၁၉၈၄၅၊ ၀၉– ၅၀၆၄၉၅၉**

## ""ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ စန်းသော်တာ(၂)လမ်းရှိ (ဘိုးဘွားပိုင်မြေ) ဧရိယာ(၅၇–၆၄)ပေx(၃၉–၄၄)ပေရှိ မြေကွက်အား ဦးလှသိန်း [၁၂/လကန(နိုင်) ၁၂၁၃၁၇]မှ လက်ရှိပိုင်ဆိုင်ပြီး၊ ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးလှမြင့် [၉/ညဥန(နိုင်)၀၃၁၉၈၃]မှ စရန်ငွေတစ်စိတ်တစ်ပိုင်းအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဦးလှမြင့်** — **[၉/ညဥန(နိုင်)၀၃၁၉၈၃]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိသိမ့်သိမ့်ကျော်(LL.B)(Q)**
**အထက်တန်းရှေ့နေ(စဉ်–၄၉၅၁၄)**
**အမှတ်(၁၈၄)၊ ၁/ရ(၄)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၈၉၄၀၄၉၉၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေးလမ်းသွယ်(၂)လမ်း၊ အမှတ်(၆၄)၊ မြေညီထပ်၊ (ခေါင်းရင်းခန်း) (၁၂½ပေ x ၅၀ပေ) ရှိ လူနေအိမ်တိုက်ခန်းအား လက်ဝယ်လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်အောင်နု [၁၂/လမန(နိုင်) ၁၃၅၁၇၆] ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးစိုးတင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၃၅)**
**(စီးပွားရေးဥပဒေနှင့် နိုင်ငံတကာဥပဒေဒီပလိုမာ)**
**အမှတ်–၁၀/၁၂၊ ပထမထပ်၊ ၃၅–လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉– ၅၁၇၄၀၂၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၅၊ နည်း–၂၀)**
**လှည်းကူးမြို့နယ်တရားရုံး**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၆၄**

ဦးသင်းနိုင်စိုး နှင့် ၁။ ဦးမျိုးမြင့်
၂။ ဦးဘီစနက်

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကင်း(၅)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးမျိုးမြင့်နှင့်ရန်ကင်း(၂)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဦးဘီစနက် အထက်ပါအမှုမှ တရားပြိုင်များ (ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလို ဦးသင်းနိုင်စိုးက **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက် (၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်နေ့) နံနက် (၁၀)နာရီတွင် တရားလို အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေမြတ်ကေသွယ်အောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**လှည်းကူးမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာချက်

မင်္ဂလာဒုံမြို့နယ်၊ ဂေါက်ကွင်းအိမ်ရာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဂေါက်ကွင်းအိမ်ရာ)၊ မြေကွက်အမှတ်(၆၁)တွင် (၃)ထပ်တိုက် (Slab Roof) (Lift ၁ စီးပါ) အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်ပါမစ်မြေအမည်ပေါက် ဇေကမ္ဘာကုမ္ပဏီလီမိတက်မှ အမှုတွဲအမှတ် BP1-4592 ဖြင့် တင်ပြလျှောက်ထားလာခြင်းနှင့် စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်း ပါမစ်မြေအမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့် လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅) ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေး/ငြိမ်းရပ်ကွက်၊ အင်လမ်း၊ အိမ်အမှတ် (၈)နေ ဦးကျင်စွဲ[၁၂/ဥကမ(နိုင်)၁၅၇၀၉၂]၏သား မောင်ဝင်းကိုကို[၁၂/ကမတ(နိုင်)၀၉၄၆၆၀]သည် ဖခင်၏ဆိုဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်၍ ၎င်းသဘောဆန္ဒအလျောက် နေအိမ်ပေါ်မှ ဆင်းသွားပါသောကြောင့် ယနေ့မှစ၍ ရာသက်ပန် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**အဖ– ဦးကျင်စွဲ**

## မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်
## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏
## တိသုတည်းခိုဆောင်အား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ။ ၁၅-၁၀-၂၀၂၂

၁။ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၊ ရင်ပြင်တော်စခန်းရှိ တိသုတည်းခိုဆောင်အား ငှားရမ်းမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော လုပ်ငန်းရှင် မည်သူမဆို အိတ်ဖွင့်တင်ဒါ(Open Tender)လျှောက်လွှာတင်သွင်းနိုင်ကြောင်း ပထမအကြိမ် ကြေညာအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) တင်ဒါပုံစံစတင်ရယူနိုင်သည့်ရက် ၁၅-၁၁-၂၀၂၂ရက်
(ခ) တင်ဒါပုံစံစတင်ရယူနိုင်သည့်နေရာ ကျိုက်ထီးရိုးစေတီတော်ဂေါပက အဖွဲ့ရုံး၊ ကင်မွန်းစခန်း(ရုံးချိန်အတွင်း)
(ဂ) တင်ဒါလျှောက်လွှာကြေး ၅၀၀၀၀/
(ဃ) တင်ဒါလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန် ၂၈-၁၁-၂၀၂၂ ရက် (တနင်္လာနေ့) (၁၆:၀၀)နာရီ
(င) တင်ဒါဖွင့်ဖောက်မည့်နေ့ရက်နှင့်အချိန် ၁-၁၂-၂၀၂၂ ရက် (ကြာသပတေးနေ့) (၁၀:၀၀)နာရီ
(စ) တင်ဒါဖွင့်ဖောက်မည့်နေရာ မြို့နယ်ခန်းမ၊ ကျိုက်ထိုမြို့

၃။ အသေးစိတ်သိရှိလိုပါက ဂေါပကအဖွဲ့ရုံး၊ ဖုန်းအမှတ်-၀၉-၈၉၉၃၉၈၇၂၈သို့ ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တိသုဆောင်အငှားချထားရေး**

## ရေကူးလက်ရွေးစင် နောက်ဆုံးလူရွေးပြိုင်ပွဲ ကျင်းပပြုလုပ်ရန် အသိပေးကြေညာချက်

၁။ ၂၀၂၃ ခုနှစ်၊ မေလတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရေကူးအားကစားနည်း ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် လက်ရွေးစင်အားကစားသမား နောက်ဆုံးအပြီးသတ် ရွေးချယ်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိရေကူးကန်တွင် ၂၈-၁-၂၀၂၃ ရက်နေ့မှ ၂၉-၁-၂၀၂၃ရက်နေ့အထိ ရေကူးပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ စုံစမ်းရန်နှင့် ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် အမည်စာရင်း ပေးသွင်းလိုသူများအနေဖြင့် ၁၅-၁-၂၀၂၃ရက်နေ့ နောက်ဆုံးထားပြီး ဒေါ်ဖြိုးပိုပိုထွေး (လ/ထ ညွှန်ကြားရေးမှူး၊ အနောက်ပိုင်းခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန) ဖုန်းနံပါတ် (၀၉-၄၂၁၀၄၇၈၀၃)နှင့် ဒေါ်အိဇင်ဖြိုး(အုပ်ချုပ်ရေးမှူး၊ အမျိုးသားရေကူးကန်) ဖုန်းနံပါတ် (၀၉-၄၄၈၈၄၄၈၁၂)သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ရန်ကုန်-သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာ(Star City) အိမ်ရာစီမံကိန်းအတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်းအဆင့်၊ (Star City) ကွန်ဒို၊ တိုက်အမှတ်(B-5)၊ အခန်းအမှတ်(၁၀၀၇)၊ အကျယ်အဝန်း(၁၂၆၁)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယုနန္ဒာ[၁၃/တကန(နိုင်)၃၁၃၆၂၄]က ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး တိုက်ခန်းနှင့် ပတ်သက်သော (၇-၈-၂၀၁၃)ရက်စွဲပါ စာချုပ်အမှတ်(TED-B5/009/2013)"ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းတိုက်ခန်းအရောင်းအဝယ်စာချုပ်"မူရင်းမှာ ပျောက်ဆုံးသွားပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေက တိုက်ခန်းနှင့်ပတ်သက်၍ မူလအမည်ပေါက်အမည်မှ မိမိအမည်သို့ ပြောင်းလဲရန် ဆောင်ရွက်သွားမည်ဖြစ်ရာ တိုက်ခန်းအမည်ပြောင်းခြင်းအပေါ် ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ အထက်ဖော်ပြပါ အိမ်ရာကော်မတီရုံးသို့ဖြစ်စေ ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤသတင်းစာကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်ဇော်နိုင်အောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၄၆၁)**
**အခန်း(၅၀၁၀)၊ မြခွာညိုကွန်ဒို(ဝါဝါဝင်း)၊ မြခွာညိုအိမ်ရာ၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၀၂၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

